၇-၁၀-၂၀၂၆ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ စက်သုံးဆီ၊ ရွှေ ဈေးနှုန်းများ

| စဉ် | မြို့အမည် | ဆန် (တစ်ပြည် ) | | ဆီ (တစ်ပိဿာ ) | | စက်သုံးဆီ (တစ်လီတာ ) | | | | ၁၆' ပဲရည် ရွှေ (တစ်ကျပ်သား ) |
|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | Octane ၉၅ | Octane ၉၂ | ဒီဇယ် (ရိုးရိုး ) | အဆင့်မြင့် ဒီဇယ် | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၁ | မြစ်ကြီးနား | ၆၇၀၀ | ၁၃၅၀၀ | ၃၀၀၀၀ | ၁၁၃၃၅ | ၅၁၈၅ | ၄၉၉၅ | - | ၆၂၅၀ | ၁၀၁၅၀၀၀၀ |
| ၂ | လားရှိုး | ၄၅၀၀ | ၁၂၀၀၀ | ၂၆၀၀၀ | ၉၄၄၅ | ၄၉၂၅ | ၄၇၄၀ | ၅၀၀၅ | ၅၉၉၅ | ၁၀၁၀၀၀၀၀ |
| ၃ | ကျိုင်းတုံ | ၄၂၅၀ | ၁၀၂၀၀ | ၃၀၀၀၀ | - | ၉၄၅၀ | ၇၀၅၀ | ၇၃၀၀ | - | ၁၀၀၂၀၀၀၀ |
| ၄ | တောင်ကြီး | ၄၀၀၀ | ၉၁၀၀ | ၁၈၀၀၀ | ၈၃၄၅ | ၄၈၈၅ | ၄၆၉၅ | ၄၉၆၅ | ၅၉၅၀ | ၁၀၀၈၀၀၀၀ |
| ၅ | လွိုင်ကော် | ၄၅၀၀ | ၈၀၀၀ | ၂၄၀၀၀ | ၈၁၅၀ | ၄၈၉၅ | ၄၇၀၅ | ၄၉၇၅ | ၅၉၆၅ | ၉၉၇၅၀၀၀ |
| ၆ | ဘားအံ | ၄၀၀၀ | ၈၆၀၀ | ၂၅၀၀၀ | ၈၀၀၀ | ၄၈၃၅ | ၄၆၅၀ | ၄၉၁၅ | ၅၉၀၅ | ၁၀၃၆၀၀၀၀ |
| ၇ | မော်လမြိုင် | ၄၀၀၀ | ၇၀၀၀ | ၂၃၀၀၀ | ၇၉၀၀ | ၄၉၈၅ | ၄၈၀၀ | ၅၄၆၀ | ၆၀၅၀ | ၉၈၇၀၀၀၀ |
| ၈ | ထားဝယ် | ၄၁၀၀ | ၇၄၀၀ | ၂၄၀၀၀ | ၈၄၆၀ | ၄၉၀၅ | ၄၇၁၅ | ၄၉၈၀ | ၅၉၇၀ | ၁၀၀၄၀၀၀၀ |
| ၉ | မြိတ် | ၄၃၀၀ | ၇၈၀၀ | ၂၃၀၀၀ | ၈၆၇၀ | ၄၉၁၅ | ၄၇၁၅ | ၅၄၇၅ | ၅၉၈၅ | ၁၀၀၃၀၀၀၀ |
| ၁၀ | ရန်ကုန် | ၃၆၀၀ | ၇၅၀၀ | ၂၆၀၀၀ | ၇၇၅၀ | ၄၇၃၀ | ၄၅၄၀ | ၄၈၁၅ | ၅၇၉၅ | ၁၀၀၅၀၀၀၀ |
| ၁၁ | ပုသိမ် | ၃၉၀၀ | ၇၀၀၀ | ၂၈၀၀၀ | ၈၀၅၀ | ၄၈၁၅ | ၄၆၂၅ | ၄၉၀၀ | ၅၈၈၅ | ၁၀၀၇၀၀၀၀ |
| ၁၂ | စစ်တွေ | | | | | | | | | |
| ၁၃ | ဟားခါး | | ၁၂၅၀၀ | ၃၄၀၀၀ | - | ၅၁၂၅ | ၄၉၃၅ | ၅၁၉၅ | ၆၁၉၀ | ၉၈၆၀၀၀၀ |
| ၁၄ | မုံရွာ | ၅၀၀၀ | ၁၀၁၀၀ | ၂၃၀၀၀ | ၈၆၉၅ | ၄၉၃၅ | ၄၇၅၀ | ၅၀၁၅ | ၆၀၀၅ | ၁၀၀၀၀၀၀၀ |
| ၁၅ | မန္တလေး | ၄၀၀၀ | ၈၅၀၀ | ၂၃၀၀၀ | ၈၅၉၀ | ၄၈၈၅ | ၄၆၉၅ | ၄၉၆၅ | ၅၉၅၀ | ၁၀၀၅၀၀၀၀ |
| ၁၆ | ပခုက္ကူ | ၄၅၀၀ | ၈၀၀၀ | ၂၃၀၀၀ | ၈၅၈၅ | ၄၈၉၀ | ၄၇၀၀ | ၄၉၇၀ | ၅၉၅၅ | ၁၀၀၂၀၀၀၀ |
| ၁၇ | မကွေး | ၄၈၀၀ | ၇၉၅၀ | ၂၂၀၀၀ | ၈၄၁၀ | ၄၈၉၀ | ၄၇၀၀ | ၄၉၇၀ | ၅၉၅၅ | ၁၀၀၇၀၀၀၀ |
| ၁၈ | ပြည် | ၃၅၀၀ | ၇၅၀၀ | ၂၄၀၀၀ | ၈၁၆၀ | ၄၇၇၆ | ၄၅၈၆ | ၄၈၆၁ | ၅၈၅၁ | ၁၀၀၈၅၀၀၀ |
| ၁၉ | ပဲခူး | ၃၅၀၀ | ၇၅၀၀ | ၂၆၀၀၀ | ၇၉၅၀ | ၄၇၄၅ | ၄၅၅၅ | ၄၈၃၀ | ၅၈၁၅ | ၉၉၄၀၀၀၀ |
| ၂၀ | ပျဉ်းမနား | ၃၈၀၀ | ၈၀၀၀ | ၂၃၂၀၀ | ၈၁၆၅ | ၄၈၃၅ | ၄၆၅၀ | ၄၉၁၅ | ၅၉၀၅ | ၁၀၀၃၀၀၀၀ |
| ၂၁ | နေပြည်တော် | ၃၈၀၀ | ၈၀၀၀ | ၂၃၅၀၀ | ၈၁၆၅ | ၄၈၃၅ | ၄၆၅၀ | ၄၉၁၅ | ၅၉၀၅ | ၁၀၀၃၀၀၀၀ |
| ၂၂ | ကလေး | ၅၃၀၀ | | ၂၁၀၀၀ | ၈၉၉၅ | ၆၈၁၈ | ၆၉၉၉ | ၇၀၉၈ | ၈၀၃၃ | ၁၀၃၀၀၀၀၀ |


The Consumer Affairs

NEWS LETTER

Monthly News Letter September 2026 Department of Consumer Affairs


## စားသုံးသူရေးရာကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးများ ကျင်းပ




စားသုံးသူကာကွယ်ရေးဥပဒေပုဒ်မ ၁၇၊ ပုဒ်မခွဲ(က) အရ စားသုံးသူကာကွယ်ရေးဆိုင်ရာ ကိစ္စရပ်များ ဆောင်ရွက်ရန်၊ စားသုံးသူနှင့် စီးပွားရေးလုပ်ငန်းရှင်တို့ အကြား အငြင်းပွားမှုဆိုင်ရာကိစ္စရပ်များကို ဖြေရှင်းပေးရန်နှင့် အတည်ပြုဆုံးဖြတ်ပေးရန်အတွက် မြန်မာနိုင်ငံ စားသုံးသူကာကွယ်ရေးကော်မရှင်၏ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၄/၂၀၂၁) ဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်စားသုံးသူရေးရာကော်မတီများကို

*၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလတွင် စတင်ထုတ်ဝေသည်။*

ဖွဲ့စည်းတာဝန်ပေးအပ်ထားရှိပါသည်။ အဆိုပါ စားသုံးသူရေးရာကော်မတီများ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို အနည်းဆုံး သုံးလလျှင် တစ်ကြိမ် ကျင်းပ ရမည်ဖြစ်ရာ ၂၀၂၆ ခုနှစ်၊ ဩဂုတ်လအတွင်း နေပြည်တော်စားသုံးသူရေးရာကော်မတီလုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ၃-၈-၂၀၂၆ ရက်နေ့တွင်လည်းကောင်း၊ ကရင်ပြည်နယ် စားသုံးသူရေးရာကော်မတီလုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ၇-၈-၂၀၂၆ ရက်နေ့တွင်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးစားသုံးသူရေးရာကော်မတီ

*စာမျက်နှာ ၃ ကော်လံ ၁ သို့*

## သတင်းခေါင်းစဉ်များ


**မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်ကဏ္ဍ** ၁

၁။ စားသုံးသူရေးရာကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးများ ကျင်းပ

**ပြည်တွင်း၊ ပြည်ပ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုကဏ္ဍ** ၃

၂။ အာဆီယံထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ အွန်လိုင်းစကြံ သတင်းအချက်အလက်ဖလှယ်နိုင်ရေး အလုပ်ရုံဆွေးနွေးပွဲသို့တက်ရောက်

**စားသုံးသူတိုင်ကြားမှုနှင့် ဖြေရှင်းပေးမှုကဏ္ဍ** ၄

၃။ Power Bank ဝယ်ယူခြင်းနှင့်ပတ်သက်၍ တိုင်ကြားလာမှုအပေါ် ဖြေရှင်းပေးမှုအခြေအနေ

၄။ အွန်လိုင်းမှတစ်ဆင့် ဆံုလည်ခုံဝယ်ယူခြင်းနှင့်ပတ်သက်၍ တိုင်ကြားလာမှုအပေါ် ဖြေရှင်းပေးမှုအခြေအနေ

၅။ အင်တာနက်လိုင်းဝန်ဆောင်နှင့်ပတ်သက်၍ တိုင်ကြားလာမှုအပေါ် ဖြေရှင်းပေးမှုအခြေအနေ

၆။ ကားအပိုပစ္စည်းဝယ်ယူခြင်းနှင့်ပတ်သက်၍ တိုင်ကြားလာမှုအပေါ် ဖြေရှင်းပေးမှုအခြေအနေ

၇။ ၂၀၂၆ ခုနှစ်၊ ဩဂုတ်လအတွင်း CICC များသို့ တိုင်ကြားမှု၊ ဖြေရှင်းပြီးစီးမှုနှင့် ဖြေရှင်းရန်ကျန်စာရင်း

**ထုတ်ကုန်လုံခြုံစိတ်ချရမှုကဏ္ဍ** ၇

၈။ တိုင်းဒေသကြီးများအတွင်း ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်

၉။ ပြည်နယ်များအတွင်း ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

၁၀။ ၂၀၂၆ခုနှစ်၊ ဩဂုတ်လအတွင်း ဈေးကွက်စောင့်ကြည့်စစ်ဆေးမှုအခြေအနေ

၁၁။ ၂၀၂၆ ခုနှစ်အတွင်း ကုန်အညွှန်းအမှတ်အသားစိစစ်ခွင့်ပြုပေးခဲ့မှုအခြေအနေ

**စားသုံးသူအသိပညာပေးရေးကဏ္ဍ** ၁၆

၁၂။ တိုင်းဒေသကြီးများတွင် အသိပညာပေးလုပ်ငန်းများဆောင်ရွက်

၁၃။ ပြည်နယ်များအတွင်း အသိပညာပေးလုပ်ငန်းများဆောင်ရွက်

၁၄။ ၂၀၂၆ ခုနှစ် ဩဂုတ်လအတွင်း စားသုံးသူအသိပညာပေးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

**သတင်းအချက်အလက်နည်းပညာနှင့်အရည်အသွေးစီမံခန့်ခွဲမှုကဏ္ဍ** ၂၃

၁၅။ ၂၀၂၆ ခုနှစ် ဩဂုတ်လအတွင်း ဓာတ်ခွဲစမ်းသပ်ဆောင်ရွက်ခဲ့မှုအခြေအနေ

၁၆။ မြန်မာဆန်စပါးအွန်လိုင်း (Myanmar Rice Online - MyRO) တွင် ဆန်စပါးသိုလှောင်ရုံများ မှတ်ပုံတင်ထားရှိမှု

**ကုန်သွယ်မှုကဏ္ဍ** ၂၄

၁၇။ တိုင်းဒေသကြီးနှင့်ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ စက်သုံးဆီ၊ ရွှေ၊ ဒေါ်လာဈေးနှုန်းများ




### ၂၀၂၆ ခုနှစ်၊ ဩဂုတ်လအတွင်း စားသုံးသူအသိပညာပေးလုပ်ငန်းဆောင်ရွက်မှု

ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်ဦးစီးမှူးရုံးများအနေဖြင့် စားသုံးသူကာကွယ်ရေးဥပဒေပါ ပြဋ္ဌာန်း ချက်များ၊ စားသုံးသူအခွင့်အရေးနှင့်တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၏ တာဝန်များ၊ တားမြစ်ချက်များ၊ ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းတို့နှင့်စပ်လျဉ်းသည့် စားသုံးသူအသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ၂၀၂၆ ခုနှစ်၊ ဩဂုတ်လအတွင်း အသိပညာပေးဟောပြောခြင်း (၂၅၉) ကြိမ်၊ လုပ်ငန်းရှင်နှင့်တွေ့ဆုံဆွေးနွေးခြင်း (၂၃၅) ကြိမ်၊ အလုပ်ရုံဆွေးနွေးပွဲကျင်းပခြင်း (၂) ကြိမ်နှင့် သင်တန်းဖွင့်လှစ်ပို့ချခြင်း (၈) ကြိမ် ဆောင်ရွက်နိုင်ခဲ့ကြောင်း သတင်းရရှိပါသည်။

**Source: အသိပညာပေး**

## သတင်းအချက်အလက်နည်းပညာနှင့်အရည်အသွေးစီမံခန့်ခွဲမှုကဏ္ဍ

### ၂၀၂၆ ခုနှစ်၊ ဩဂုတ်လအတွင်း ဓာတ်ခွဲစမ်းသပ်ဆောင်ရွက်ခဲ့မှုအခြေအနေ

စားသုံးသူရေးရာဦးစီးဌာန၊ သတင်းအချက်အလက်နည်းပညာနှင့် အရည်အသွေးစီမံခန့်ခွဲရေးဌာနခွဲ၊ ကုန်ပစ္စည်းစမ်းသပ်စစ်ဆေးရေးနှင့်အရည်အသွေးစီမံခန့်ခွဲမှုဌာနစု (လှည်းကူး) ၏ ဓာတ်ခွဲခန်းများမှ ၂၀၂၆ ခုနှစ်၊ ဩဂုတ်လအတွင်း လုပ်ငန်းရှင် ၂၂ ဦးက အပ်နှံလာသော သီးနှံအမျိုးအစား ၁၅ မျိုး၊ စုစုပေါင်းနမူနာအရေအတွက် ၈၁ ခု၊ ဓာတ်ခွဲစမ်းသပ်မှုပေါင်း ၁၄၈ ခုကို ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းများ ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ လယ်ယာထွက်ကုန်ပို့ကုန်များအား ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်ရေးအတွက် ဆန်ဖြူ၊ ဆန်ကွဲ၊ နှမ်းနက် (သိပ္ပံ)၊ မုယောစပါး၊ ပဲတီစိမ်း၊ မတ်ပဲ၊ ပဲယင်းနီ၊ တီရစ္ဆာန်စာ၊ ပဲလွန်း၊ မြေပဲ၊ နှမ်းဖြူ၊ နှမ်းညို၊ မြေထောက်ပဲတို့တွင် ပိုးသတ်ဆေးဓာတ်ကြွင်းပါရှိမှု၊ မှိုဆိပ်ပါရှိမှု၊ သီးနှံဓာတုနှင့် ရူပအရည်အသွေးစသည့် ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းများနှင့် ရောနှောဆီ၊ မြေပဲပြုပ်ဆီတို့၏ အရည်အသွေးဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း၊ ဓာတ်ခွဲခန်းအလိုက် ဓာတ်ခွဲစမ်းသပ်မှုအနေဖြင့် ပိုးသတ်ဆေးဓာတ်ကြွင်းဓာတ်ခွဲခန်းမှ ၄၂ ခု၊ မှိုဆိပ်ဓာတ်ခွဲခန်းမှ ၃၅ ခု၊ ဆီနှင့်ဆီထွက်သီးနှံဓာတ်ခွဲခန်းမှ ၂၆ ခု၊ သီးနှံဓာတုဓာတ်ခွဲခန်းမှ ၄၂ ခု၊ သီးနှံရူပဓာတ်ခွဲခန်းမှ ၃ ခု စုစုပေါင်းဓာတ်ခွဲစမ်းသပ်မှု ၁၄၈ ခု ဆောင်ရွက်နိုင်ခဲ့ကြောင်း သတင်းရရှိပါသည်။

**Source: သတင်း/နည်း**

### မြန်မာဆန်စပါးအွန်လိုင်း (Myanmar Rice Online - MyRO) တွင် ဆန်စပါးသိုလှောင်ရုံများ မှတ်ပုံတင်ထားရှိမှု

ဆန်စပါးသိုလှောင်မှုလုပ်ငန်းများ၊ သိုလှောင်မှုအခြေအနေများနှင့် နိုင်ငံအနှံ့ရှိ သိုလှောင်ရုံများကို ဒီဂျစ်တယ် နည်းလမ်းဖြင့် စနစ်တကျမှတ်ပုံတင်နိုင်သည့် မြန်မာဆန်စပါးအွန်လိုင်း (Myanmar Rice Online – My RO) အား စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့ ပူးပေါင်း၍ ၂၀၂၃ ခုနှစ် နိုဝင်ဘာလ ၃ ရက်နေ့မှစတင်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာဆန်စပါးအွန်လိုင်း (My RO) တွင် အွန်လိုင်းစနစ်ဖြင့် သိုလှောင်ရုံမှတ်ပုံတင်ခြင်းလုပ်ငန်းများကို သိုလှောင်ရုံအကျယ်အဝန်း သတ်မှတ်ချက်များအလိုက် အုပ်စု ၄ စုခွဲ၍ ကောက်ခံလျက်ရှိရာ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်နေ့မှ ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့ထိ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် မှတ်ပုံတင်ထားသည့် ဆန်စပါးသိုလှောင်ရုံ ၅,၈၆၁ လုံး မှတ်ပုံတင်ထားရှိကြောင်း သတင်းရရှိပါသည်။

**Source: သတင်း/နည်း**

*စာမျက်နှာ ၂၁ မှ အဆက်*

မြဝတီမြို့တို့ရှိ အခြေခံကျောင်းမှ ကျောင်းသားကျောင်းသူများအားလည်းကောင်း၊ အိမ်တွင်းမှုအသက်မွေးပညာသင်တန်းကျောင်းနှင့် ရက်ကန်းသင်တန်းကျောင်းမှ သင်တန်းသားများအားလည်းကောင်း၊ ထီလုံစစ်မှုထမ်းဟောင်းအိမ်ရာ၊ သမ္မာန်ကျေးရွာနှင့် ကော့တရုတ်ကျေးရွာရှိ ပြည်သူများအားလည်းကောင်း စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောခဲ့ကြောင်း သိရှိရပါသည်။ လုပ်ငန်းရှင်တွေ့ဆုံဆွေးနွေးအသိပညာပေးခြင်းအနေဖြင့် ဘားအံမြို့ရှိ စားသောက်ဆိုင်လုပ်ငန်းရှင်များ၊ ဆိတ်ချေးခါးလုပ်ငန်းရှင်များနှင့် ဆီလုပ်ငန်းရှင်များအား ထုတ်ကုန်လုံခြုံစိတ်ချရမှုရှိစေရန်အတွက် ကုန်စည်များအပေါ် ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းနှင့်စပ်လျဉ်းသည့် အချက်အလက်များကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။

**မွန်ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** မော်လမြိုင်မြို့နယ်၊ အ. ထ. က (၇) ကျောင်းနှင့် အ. လ. က (၇) ကျောင်း၊ ကျိုက်မရောမြို့နယ်၊ အ. လ. က (ခွဲ) ရန်မိုးအောင်ကျောင်းနှင့် အ. ထ. က (ကျုံစိန်) ကျောင်း၊ မုဒုံမြို့နယ် အ. မ. က ကုက္ကိုတန်းကျောင်း၊ ချောင်းဆုံမြို့နယ်၊ မူလွန် (ကတောင်စိန်) ကျောင်းနှင့် အ. မ. က (ကော့ရွဲ) ကျောင်း၊ သထုံမြို့ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်းနှင့် သုဝဏ္ဏဝတီမြို့ သိမ်ဆိပ် အ. ထ. က ကျောင်း၊ ဘီးလင်းမြို့နယ် အ. ထ. က (ရွှေလှေ) ကျောင်း၊ ကျိုက်ထိုမြို့နယ် ရှမ်းစုမူလွန်ကျောင်းတို့ရှိ ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများအား စားသုံးသူကာကွယ်ရေးဆိုင်ရာအသိပညာများ ဟောပြောခဲ့ကြောင်း၊ ထို့နောက် ပေါင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်ပူးပေါင်း၍ စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေးဆွေးနွေးခဲ့ကြောင်း၊ လုပ်ငန်းရှင်တွေ့ဆုံဆွေးနွေးမှုအနေဖြင့် ကျိုက်မရောမြို့နယ် ရှင်စောပုရပ်ကွက်ရှိ ဧည့်ရိပ်သာလုပ်ငန်းရှင်၊ ချောင်းဆုံမြို့နယ်၊ ကလော့နီးမုတ်ကျေးရွာရှိ မုန့်တိုက်လုပ်ငန်းရှင်၊ သထုံမြို့နယ်၊ သိမ်ကုန်းရပ်ကွက်ရှိ မုန့်လုပ်ငန်းရှင်၊ ကျိုက်ထိုမြို့နယ်ရှိ အထည်အလိပ်ရောင်းချသည့် လုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ စားသုံးသူကာကွယ်ရေး ဥပဒေတွင် ပါဝင်သော စီးပွားရေးလုပ်ငန်းရှင်၏ တာဝန်များအကြောင်း ဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။

**ရှမ်းပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** ကျိုင်းတုံမြို့၊ ရပ်ကွက် (၄)၊ မြို့သစ်ရပ်ကွက်၊ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၊ ကျိုင်းတုံမြို့ အ. ထ. က (၅) ကျောင်း၊ လားရှိုးမြို့ အမှတ် (၉) အ. ထ. က ကျောင်းခွဲတို့ရှိ ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများအား စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာများ ဟောပြောခဲ့ပြီး ကျောက်မဲခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်ပူးပေါင်း၍ စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေး Talk Show အစီအစဉ် ဆောင်ရွက်ခဲ့ကြောင်း၊ ကလောမြို့နယ် အောင်ပန်းမြို့ရှိ စီးပွားရေးလုပ်ငန်းရှင်နှင့်တွေ့ဆုံ၍ စီးပွားရေးလုပ်ငန်းရှင်၏ တာဝန်များအား အသိပညာပေးဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

**Source:** ပြည်နယ်ဦးစီးမှူးရုံးများ



## မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်ကဏ္ဍ

*ရှေ့ဖုံးမှအဆက်*

လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၂၁-၈-၂၀၂၆ ရက်နေ့တွင်လည်းကောင်း၊ မွန်ပြည်နယ် စားသုံးသူရေးရာကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၂၆-၈-၂၀၂၆ ရက်နေ့တွင်လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးစားသုံးသူရေးရာကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးများကို ၂၇-၈-၂၀၂၆ ရက်နေ့တွင်လည်းကောင်း၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ် စားသုံးသူရေးရာကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးများကို ၂၈-၈-၂၀၂၆ ရက်နေ့တွင်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးစားသုံးသူရေးရာ ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၃၁-၈-၂၀၂၆ ရက်နေ့တွင်လည်းကောင်း၊ လုပ်ငန်းညှိနှိုင်းအစည်းအဝေး စုစုပေါင်း (၉) ကြိမ် ကျင်းပပြုလုပ်နိုင်ခဲ့ကြောင်း သတင်းရရှိပါသည်။

**Source:** ကော်မရှင်

## ပြည်တွင်း၊ ပြည်ပ မိတ်ဖက်အဖွဲ့အစည်းနှင့် ပူးပေါင်းဆောင်ရွက်မှုကဏ္ဍ

### အာဆီယံထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ အွန်လိုင်းစကြံ့ သတင်းအချက်အလက်ဖလှယ်နိုင်ရေး အလုပ်ရုံဆွေးနွေးပွဲသို့တက်ရောက်

အာဆီယံထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ အွန်လိုင်းစကြံ့တွင် သတင်းအချက်အလက်ဖလှယ်နိုင်ရေး အလုပ်ရုံဆွေးနွေးပွဲကို ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်နေ့တွင် Virtual စနစ်ဖြင့် ကျင်းပပြုလုပ်ခဲ့ရာ ထုတ်ကုန်လုံခြုံစိတ်ချရမှုဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဆုပြည့်မင်းဦးနှင့် သတင်းအချက်အလက်နည်းပညာနှင့် အရည်အသွေးစီမံခန့်ခွဲရေးဌာနခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးသန္တာတို့ တက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် အာဆီယံစားသုံးသူကာကွယ်ရေးကော်မတီအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များအနေဖြင့် အာဆီယံထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ အွန်လိုင်းစကြံ့အတွက် အဓိကလိုအပ်သည့် သတင်းအချက်အလက်များဖလှယ်နိုင်ရေးနှင့်စပ်လျဉ်း၍ ဗြိတိန်နိုင်ငံ၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုနှင့် စံချိန်စံညွှန်းရုံးအဖွဲ့မှ တာဝန်ရှိသူများနှင့် သဘောတူညီချက် ရရှိခဲ့ပါသည်။ အဆိုပါအွန်လိုင်းစကြံ့တွင် အာဆီယံနိုင်ငံများအတွင်းရှိ ဘေးအန္တရာယ်ရှိ၍ ထိခိုက်နိုင်ခြေရှိသည့် ထုတ်ကုန်များနှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များကို မျှဝေပေးသွားမည်ကြောင်း၊ ဆက်လက်၍ ဗြိတိန်နိုင်ငံ၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုနှင့်စံချိန်စံညွှန်းရုံးအဖွဲ့အနေဖြင့် အာဆီယံထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ အွန်လိုင်းစကြံ့တွင် LinkedIn နှင့် Instagram တို့၌ ၎င်းတို့လစဉ်လွှင့်တင်နေသော ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှု အခြေအနေများအား တင်ပြသွားရန် အဆိုပြုထားကြောင်း သတင်းရရှိပါသည်။

**Source:** အာဆီယံ

## စားသုံးသူတိုင်ကြားမှုနှင့် ဖြေရှင်းပေးမှုကဏ္ဍ

### Power Bank ဝယ်ယူခြင်းနှင့်ပတ်သက်၍ တိုင်ကြားလာမှုအပေါ် ဖြေရှင်းပေးမှုအခြေအနေ

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်နေ တိုင်ကြားသူတစ်ဦးသည် ဖုန်းအပိုပစ္စည်းအရောင်းဆိုင် တစ်ခုမှ Power Bank ဝယ်ယူရာ အသုံးပြု၍ မရသောကြောင့် ဆိုင်သို့ ပြန်လည်ပြသခဲ့ကြောင်း ဆိုင်မှ Power Bank အား ကြည့်ရှုပေးမည်ဆိုကာ အခြား Power Bank အမျိုးအစားဖြင့် လဲလှယ်ယူဆောင်ခိုင်းပါကြောင်း၊ ၎င်းအနေဖြင့် ပစ္စည်းလဲလှယ်လိုခြင်း မရှိသဖြင့် ပြန်အမ်းငွေရယူလိုကြောင်းပြောကြားသော်လည်း ဆိုင်မှ အခြားအမျိုးအစားကိုသာ ယူဆောင်ခိုင်းသောကြောင့် စားသုံးသူရေးရာဦးစီးဌာန၏ Website Complaint System မှတစ်ဆင့် ဆက်သွယ်တိုင်ကြားလာကြောင်း၊ အဆိုပါတိုင်ကြားမှုနှင့်ပတ်သက်၍ ဌာနမှ တာဝန်ရှိသူများက တိုင်ကြားခံရသည့် ဖုန်းအပိုပစ္စည်းအရောင်းဆိုင်မှ တာဝန်ရှိသူများထံ အကြောင်းကြားဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်ခဲ့မှုကြောင့် ဆိုင်မှ တာဝန်ရှိသူများက တိုင်ကြားသူအား ဆက်သွယ်၍ Power Bank တန်ဖိုးငွေ ကျပ် ၁၆၀,၅၀၀/- အား Refund ပြန်ပေးခဲ့ပြီးဖြစ်ကြောင်း အကြောင်းပြန်ကြားလာသဖြင့် ဌာနမှ တာဝန်ရှိသူများက တိုင်ကြားသူထံ ဖုန်းဖြင့် ဆက်သွယ်မေးမြန်းခဲ့ရာ ငွေလက်ခံရရှိကြောင်း ပြောကြားခဲ့ပြီး စိတ်ကျေနပ်မှုရှိပါသောကြောင့် စားသုံးသူကာကွယ်ရေးဥပဒေအရ စေ့စပ်ညှိနှိုင်းပေးခြင်းဖြင့် ငွေပြန်လည်ရရှိစေခြင်းဖြင့် တိုင်ကြားမှုအား ဖြေရှင်းဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**Source: CICC**

### အွန်လိုင်းမှတစ်ဆင့် ဆုံလည်ခုံဝယ်ယူခြင်းနှင့်ပတ်သက်၍ တိုင်ကြားလာမှုအပေါ် ဖြေရှင်းပေးမှုအခြေအနေ

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်နေ တိုင်ကြားသူတစ်ဦးသည် Online Shop တစ်ခုထံမှ ဆုံလည်ခုံ (၄) လုံးကို စရံငွေကျပ် ၅၄၀,၀၀၀/-ပေး၍ မှာယူခဲ့ရာ (၅) လကျော်ကြာသည့်အထိ ပို့ဆောင်ပေးခြင်း မရှိသောကြောင့် စားသုံးသူရေးရာဦးစီးဌာန၏ မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးသို့ လူကိုယ်တိုင်လာရောက် တိုင်ကြားလာပါသည်။

အဆိုပါတိုင်ကြားမှုနှင့်ပတ်သက်၍ ဌာနမှ တာဝန်ရှိသူများက တိုင်ကြားခံရသည့် Online Shop သို့ ဆက်သွယ်၍ တိုင်ကြားသူ၏ စရံငွေအား ပြန်လည်ပေးလျော်သွားရန် ပြောကြားခဲ့ရာ ပေးလျော်သွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားခဲ့သော်လည်း ထပ်မံဆက်သွယ်ရာတွင် လက်ခံဖြေကြားခြင်းမရှိသည့်အတွက် တိုင်ကြားခံရသည့် စီးပွားရေးလုပ်ငန်းရှင် တည်ရှိသော ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးသို့ Online စနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်း မှတ်ပုံတင်လျှောက်ထား ရယူထားခြင်း ရှိ-မရှိနှင့် စရံငွေပြန်လည်ပေးလျော်နိုင်ရေး ညှိနှိုင်းဆောင်ရွက်ပေးရန် အကြောင်းကြားဆောင်ရွက်နေစဉ်အတွင်း အဆိုပါ

*စာမျက်နှာ ၅ ကော်လံ ၁ သို့*



### ပြည်နယ်များအတွင်း အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

စားသုံးသူရေးရာဦးစီးဌာနရှိ ပြည်နယ်ဦးစီးမှူးရုံးများသည် စားသုံးသူအခွင့်အရေးနှင့်အကျိုးစီးပွားများကို ကာကွယ်ရန် စားသုံးသူပြည်သူများအား အသိပညာပေးခြင်း၊ စီးပွားရေးလုပ်ငန်းရှင်များအား စီးပွားရေးကျင့်ဝတ်၊ စည်းကမ်းနှင့်အညီ ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်နိုင်စေရန်အတွက် အသိပညာပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိရာ ၂၀၂၆ ခုနှစ်၊ ဩဂုတ်လအတွင်း -

**ကချင်ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** မြစ်ကြီးနားမြို့နယ် အမှတ် (၇) အ.ထ.က ကျောင်းမှ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ ရမ်ပူရပ်ကွက်ရှိ ပြည်သူများ၊ မိုးညှင်းမြို့ ရန်ကင်းရပ်ကွက်နှင့် အုတ်ကျင်းရပ်ကွက်ရှိ ပြည်သူများအား စားသုံးသူကာကွယ်ရေး ဥပဒေပါ သိကောင်းစရာများ၊ ကုန်အညွှန်းအမှတ်အသားဆိုင်ရာများနှင့်ပတ်သက်သည့် အခြေခံအချက်အလက်များ၊ စားသုံးသူစိတ်နာဆုံးရှုံးမှုများရှိပါက တိုင်ကြားနိုင်သည့် နည်းလမ်းများအကြောင်း အသိပညာပေးဟောပြောခဲ့ကြောင်း သိရှိရပါသည်။ ဆက်လက်၍ လုပ်ငန်းရှင်တွေ့ဆုံဆွေးနွေးခြင်းအနေဖြင့် မြစ်ကြီးနားမြို့၊ မန်ခိန်ရပ်ကွက်ရှိ ကုန်မျိုးစုံရောင်းချသည့် လုပ်ငန်းရှင်နှင့် မိုးညှင်းမြို့၊ သီတာရပ်ကွက်ရှိ အားကစားပစ္စည်းအမျိုးမျိုးရောင်းဝယ်ရေးလုပ်ငန်းရှင်များ၊ နမီးစုရပ်ကွက်ရှိ နိဗ္ဗာန်ကုန်ပစ္စည်းမျိုးမျိုးရောင်းဝယ်ရေးလုပ်ငန်းရှင်များအား ကုန်အညွှန်းအမှတ်အသား ပြည့်စုံစွာပါဝင်သော ကုန်စည်များသာ ရောင်းချရန် အသိပညာပေးဆွေးနွေးခဲ့ကြောင်း၊ မြစ်ကြီးနား




ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပူးပေါင်း၍ စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာ ay;pu m0kfaq @E&G Talk Show အစီအစဉ် ကျင်းပဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

**ကယားပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** ကယားပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ကျင်းပပြုလုပ်သည့် လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းရှိ သင်တန်းသားသင်တန်းသူများအား လည်းကောင်း၊ လွိုင်ကော်မြို့ လောဝမ္မရပ်ကွက်ရှိ အ.ထ.က ကျောင်း (ခွဲ) နှင့် လွိုင်ကော်တက္ကသိုလ်မှ ကျောင်းသားကျောင်းသူများအားလည်းကောင်း စားသုံးသူကာကွယ်ရေးဆိုင်ရာ အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ စားသုံးသူအခွင့်အရေးများနှင့် တာဝန်များ၊ ကုန်စည်နှင့် ဝန်ဆောင်မှုများနှင့်ပတ်သက်၍ အာမခံချက်ပေးသည့် ကိစ္စရပ်များနှင့် စားသုံးသူက တောင်းဆိုနိုင်သည့် အခွင့်အရေးများ၊ တိုင်ကြားနိုင်သည့် နည်းလမ်းများအား ရှင်းလင်းဆွေးနွေး အသိပညာပေးဟောပြောခဲ့ကြောင်း သိရှိရသည်။

**ကရင်ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** ဘားအံမြို့ရှိ အ.ထ.က (၅)၊ အ.ထ.က (၁)၊ အ.မ.က (မူလွန်)နှင့် အ.မ.က (မူလွန်-၃)၊ အ.လ.က (၄) ကျောင်းနှင့်

*စာမျက်နှာ ၂၂ ကော်လံ ၁ သို့*

*စာမျက်နှာ ၁၉ မှ အဆက်*

အကြောင်း အသိပညာပေးဆွေးနွေးခဲ့ပြီး လက်ကမ်းစာစောင်များဖြန့်ဝေခဲ့ကြောင်း သိရှိရပါသည်။

**ဧရာဝတီတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** သာပေါင်းမြို့နယ်၊ ကျောင်းကုန်းမြို့နယ်၊ ကန်ကြီးထောင့်မြို့နယ်၊ ကျုံပျော်မြို့နယ်၊ ရေကြည်မြို့နယ်၊ ဟင်္သာတမြို့နယ်၊ မြောင်းမြမြို့နယ်၊ လပွတ္တာမြို့နယ်၊ အိမ်မဲမြို့နယ်၊ ဝါးခယ်မမြို့နယ်၊ မအူပင်မြို့နယ်၊ ပန်းတနော်မြို့နယ်၊ ညောင်တုန်းမြို့နယ်၊ ဖျာပုံမြို့နယ်၊ ကျိုက်လတ်မြို့နယ်နှင့် ဒေးဒရဲမြို့နယ်တို့ရှိ အ. မ. က ကျောင်း၊ အ. လ. က ကျောင်းနှင့် အ. ထ. က ကျောင်းများမှ ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများအား စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောခဲ့ကြောင်း၊ ထို့နောက် ပုသိမ်မြို့နယ် ပေါက်ကုန်းကျေးရွာ၊ ငပုတောမြို့ မြောက်ပိုင်းရပ်ကွက်၊ ဟင်္သာတမြို့နယ် ထိန်ငူကျေးရွာနှင့် လယ်တောကျေးရွာ၊ ဓနုဖြူမြို့ရှိ ဈေးသူဈေးသားများ၊ ဘိုကလေးမြို့နယ် ဂရမ်းကျေးရွာရှိ ပြည်သူများအား စားသုံးသူအခွင့်အရေး (၈) ချက်နှင့် နစ်နာဆုံးရှုံးမှုရှိလျှင် တိုင်ကြားနိုင်သည့် နည်းလမ်းများအကြောင်း အသိပညာပေးဟောပြောခဲ့ကြောင်း သိရှိရပါသည်။

လုပ်ငန်းရှင်တွေ့ဆုံဆွေးနွေးခြင်းအနေဖြင့် ပုသိမ်မြို့နယ်၊ ကန်ကြီးထောင့်မြို့နယ်၊ ရေကြည်မြို့နယ်၊ သာပေါင်းမြို့နယ်၊ မြောင်းမြမြို့နယ်၊ ဟင်္သာတမြို့နယ်၊ လပွတ္တာမြို့နယ်၊ ဖျာပုံမြို့နယ်၊ ကျိုက်လတ်မြို့နယ်၊ ဘိုကလေးမြို့နယ်နှင့် ငပုတောမြို့နယ်တို့ရှိ ဆီလုပ်ငန်းရှင်များ၊ ကုန်စုံဆိုင်လုပ်ငန်းရှင်များအား တရားမဝင်ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ခြင်းမပြုရန်၊ လုပ်ငန်းရှင်ကျင့်ဝတ်၊ စည်းကမ်းနှင့်အညီ ဖြောင့်မတ်မှန်ကန်စွာဆောင်ရွက်ကြရန် ဆွေးနွေးခဲ့ကြောင်း၊ ဒေးဒရဲမြို့နယ်နှင့် ကျိုက်လတ်မြို့နယ်ရှိ ဆန်ရောင်းချသော လုပ်ငန်းရှင်များအား ကုန်အညွှန်းအမှတ်အသား ပြည့်စုံစွာပါဝင်သော ကုန်စည်များသာ ရောင်းချရန် အသိပညာပေးဆွေးနွေးခဲ့ကြောင်း၊ ထို့အပြင် မြောင်းမြ၊ အိမ်မဲ၊ ဝါးခယ်မ၊ မြောင်းမြ၊ မော်လမြိုင်ကျွန်း၊ မအူပင်၊ ပန်းတနော်၊ ညောင်တုန်းနှင့် ဓနုဖြူမြို့နယ်များရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်ပူးပေါင်း၍ စားသုံးသူကာကွယ်ရေးနှင့်စပ်လျဉ်းသည့် သိကောင်းစရာ Talk Show အစီအစဉ်များ ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

**နေပြည်တော်ဦးစီးမှူးရုံးအနေဖြင့်** ဇေယျာသီရိမြို့နယ်ရှိ အမှတ် (၁၆)၊ အ. ထ. က ကျောင်းမှ ဈေးသည်များ၊ ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများ၊ ဇေယျာသီရိမြို့နယ် ပုပ္ပါးကုန်းကျေးရွာရှိ ကျေးရွာသူကျေးရွာသားများ၊ ပုဗ္ဗသီရိမြို့နယ် ဇဝနဒီပရပ်ကွက်ရှိ ရပ်ကွက်သူ ရပ်ကွက်သားများ၊ ဇေယျာသီရိမြို့နယ်ရှိ ဈေးသူဈေးသားများအား စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောခဲ့ကြောင်း၊ လုပ်ငန်းရှင်များနှင့် တွေ့ဆုံခြင်းအနေဖြင့် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်ဦးစီးမှူးရုံးတွင် စီးပွားရေးလုပ်ငန်းရှင်များအား လိုက်နာရမည့် တာဝန်များ၊ အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအကြောင်းနှင့် ကုန်ပစ္စည်းများ ထုတ်လုပ်ရာတွင် ကုန်အညွှန်းအမှတ်အသားများ ပြည့်စုံမှန်ကန်စွာဖော်ပြရန် အသိပညာပေးဆွေးနွေးခဲ့ကြောင်း သတင်းရရှိပါသည်။

**Source:** တိုင်းဒေသကြီးဦးစီးမှူးရုံးများ



*စာမျက်နှာ ၄ မှ အဆက်*

Online Shop မှ မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးသို့ ဆက်သွယ်၍ တိုင်ကြားသူအား စရံငွေကျပ် ၅၄၀,၀၀၀/- ကို ပြန်လည်ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း ပြောကြားလာပါကြောင်း၊ အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်း မှတ်ပုံတင်လျှောက်ထားဆဲဖြစ်သည်ကိုလည်း စိစစ်တွေ့ရှိရသဖြင့် ဌာနမှ တာဝန်ရှိသူများက တိုင်ကြားသူထံ ဆက်သွယ်မေးမြန်းရာ စရံငွေပြန်လည်လွှဲပေးပြီးဖြစ်၍ ကျေနပ်မှုရှိပါသောကြောင့် တိုင်ကြားမှုပိတ်သိမ်းလိုကြောင်း ပြောကြားလာသဖြင့် တိုင်ကြားမှုကို ပိတ်သိမ်းဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**Source: CICC**

## အင်တာနက်လိုင်းဝန်ဆောင်နှင့်ပတ်သက်၍ တိုင်ကြားလာမှုအပေါ် ဖြေရှင်းပေးမှုအခြေအနေ

ရန်ကုန်တိုင်းဒေသကြီးနေ တိုင်ကြားသူတစ်ဦးသည် အင်တာနက်ကုမ္ပဏီတစ်ခု၏ အင်တာနက်လိုင်း ပြတ်တောက်နေသောကြောင့် Customer Service သို့ ဖုန်းဆက် အကြောင်းကြားခဲ့သော်လည်း လာရောက်ပြင်ဆင်ပေးခြင်းမရှိသောကြောင့် စားသုံးသူရေးရာဦးစီးဌာန၏ Website Complaint System မှတစ်ဆင့် တိုင်ကြားလာပါသည်။

အဆိုပါတိုင်ကြားမှုနှင့်ပတ်သက်၍ ဌာနမှ တာဝန်ရှိသူများက တိုင်ကြားခံရသည့် အင်တာနက်ကုမ္ပဏီမှ တာဝန်ရှိသူများထံ အကြောင်းကြားဆောင်ရွက်ခဲ့ရာ ကုမ္ပဏီမှ တာဝန်ရှိသူများအနေဖြင့် အင်တာနက်လိုင်း ပြတ်တောက်ရခြင်းအား စစ်ဆေးခဲ့ပြီး တိုင်ကြားသူ၏ အိမ်သို့ သွယ်တန်းထားသော ဖိုင်ဘာကြိုး ချိတ်ဆက်ထားသည့် Fiber Access Terminal (FAT) Box နှင့် အဆိုပါ FAT သို့ ချိတ်ဆက်ထားသည့် Fiber Distribution Terminal (FDT) Box မှာ ချို့ယွင်းပျက်စီးနေသဖြင့် FAT နှင့် FDT Box အသစ်များ တပ်ဆင်ခြင်းနှင့် ပြန်လည်ချိတ်ဆက်ခြင်း လုပ်ငန်းစဉ်များကို ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ထိုသို့ ဆောင်ရွက်နေစဉ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုများရှိသဖြင့် နှောင့်နှေးကြန့်ကြာမှုများရှိခဲ့ပါကြောင်း၊ ယင်းလုပ်ငန်းစဉ်များ ပြီးစီးသည်နှင့်တစ်ပြိုင်နက် မူလအတိုင်း ဝန်ဆောင်မှုပြန်လည်ရရှိရေးအတွက် ချက်ချင်းပြုပြင်ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ အင်တာနက် အသုံးမပြုခဲ့ရသော ရက်များအတွက် Compensation အဖြစ် လစဉ်ကြေး (၁) လစာ လျှော့၍ ကောက်ခံပေးခဲ့မှုအပေါ် တိုင်ကြားသူမှ ကျေနပ်မှုရှိပါကြောင်း အကြောင်းပြန်ကြားလာသဖြင့် တိုင်ကြားမှုအား ပိတ်သိမ်းဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**Source: CICC**

## ပညာရေးဝန်ဆောင်မှုနှင့်ပတ်သက်၍ တိုင်ကြားလာမှုအပေါ် ဖြေရှင်းပေးမှုအခြေအနေ

ရန်ကုန်တိုင်းဒေသကြီးနေ တိုင်ကြားသူတစ်ဦးသည် ပညာရေးဝန်ဆောင်မှု ကုမ္ပဏီတစ်ခု၏ Global Education တွင် တက်ရောက်ရန် Downpayment ငွေကျပ် (၁၀) သိန်း ပေးသွင်းခဲ့ပြီး ကိုယ်ရေးကိုယ်တာကိစ္စများကြောင့် ကျောင်းမတက်ဖြစ်သောကြောင့် ပေးသွင်းထားသည့် Downpayment ငွေအား ပြန်လည်

*စာမျက်နှာ ၆ ကော်လံ ၁ သို့*

*စာမျက်နှာ ၅ မှ အဆက်*

တောင်းခံရာ ပေးအပ်ခြင်းမရှိသောကြောင့် စားသုံးသူရေးရာဦးစီးဌာန၏ Website Complaint System မှတစ်ဆင့် တိုင်ကြားလာပါသည်။

အဆိုပါတိုင်ကြားမှုနှင့်ပတ်သက်၍ ဌာနမှ တာဝန်ရှိသူများက တိုင်ကြားခံရသည့် ပညာရေးဝန်ဆောင်မှုကုမ္ပဏီတစ်ခု၏ Global Education မှ တာဝန်ရှိသူများထံ အကြောင်းကြားဆောင်ရွက်ခဲ့ရာ ပညာရေးဝန်ဆောင်မှုကုမ္ပဏီအနေဖြင့် ကျောင်းအပ်နှံသည့်အချိန်ကတည်းက ကျောင်းအပ်နှံငွေသွင်းပြေစာတွင် ကျောင်းတက်ရောက်နိုင်ခြင်းမရှိပါက ပေးသွင်းငွေအား ပြန်လည်ထုတ်ပေးမည်မဟုတ်ကြောင်းပါရှိသော်လည်း ဌာန၏ ညှိနှိုင်းမှုကိုအလေးထားသည့်အနေဖြင့် ပညာရေး ဝန်ဆောင်မှုကုမ္ပဏီမှ Opertion Management Group ၏ အစည်းအဝေးဆုံးဖြတ်ချက်အရ ကျောင်းအပ်နှံပေးသွင်းငွေကျပ် (၁၀) သိန်းအား AYA Pay ဖြင့် တိုင်ကြားသူထံ လွှဲပြောင်းပေးပို့ပြီးဖြစ်ပါကြောင်း အကြောင်းပြန်ကြားလာပါကြောင်း၊ တိုင်ကြားသူမှလည်း ဌာနသို့ဆက်သွယ်၍ ကျောင်းဘက်မှ ပေးအပ်သည့် ငွေလက်ခံရရှိသောကြောင့် တိုင်ကြားမှုကို ပိတ်သိမ်းလိုကြောင်း ပြောကြားလာသည့်အတွက် တိုင်ကြားမှုအား စေ့စပ်ညှိနှိုင်းနည်းဖြင့် ငွေပြန်လည်ရရှိစေခြင်းဖြင့် ဖြေရှင်းဆောင်ရွက်ကြောင်း သတင်းရရှိပါသည်။

**Source: CICC**

၂၀၂၆ ခုနှစ်၊ ဩဂုတ်လအတွင်း CICC များသို့ တိုင်ကြားမှု၊ ဖြေရှင်းပြီးစီးမှုနှင့်ဖြေရှင်းရန်ကျန်စာရင်း

| စဉ် | တိုင်းဒေသကြီး / ပြည်နယ် / ခရိုင် | ဩဂုတ်လ တိုင်ကြားမှု | | တိုင်ကြားမှုနည်းလမ်းများ | | | | တိုင်ကြားမှု | | | ဖြေရှင်းပြီးစီးမှု | | | | ဖြေရှင်းရန်ကျန်ရှိမှု | ဆောင်ရွက်မှုအခြေအနေ (%) |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | | | | | | | | ဩဂုတ်လ | | | | |
| | | ကုန်စည် | ဝန်ဆောင်မှု | Website | FB Page/ စာ/ဖုန်း/ email | ၁၅၄၄ Call Center | ဦးစီးမှူးရုံး | ဇူလိုင်လ ဖြေရှင်းရန်ကျန် | ဩဂုတ်လ | ပေါင်း | ဇူလိုင်လ လက်ကျန်မှ | ကုန်စည် | ဝန်ဆောင်မှု | ပေါင်း | | |
| ၁ | ကချင်ပြည်နယ် | | ၁ | | | ၁ | | | ၁ | ၁ | | | ၁ | ၁ | ၀ | ၁၀၀.၀၀% |
| ၂ | ကယားပြည်နယ် | | | | | | | | | | | | | | | |
| ၃ | ကရင်ပြည်နယ် | ၁ | | | ၁ | | | | ၁ | ၁ | | | | ၀ | ၁ | ၀.၀၀% |
| ၄ | ချင်းပြည်နယ် | | | | | | | | | | | | | | | |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | | ၁ | | ၁ | | | ၁ | ၁ | ၂ | ၁ | | | ၁ | ၁ | ၅၀.၀၀% |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | | | | | | | | | | | | | | | |
| ၇ | ပဲခူးတိုင်းဒေသကြီး | | ၃ | | ၁ | ၂ | | ၁ | ၃ | ၄ | | | ၃ | ၃ | ၁ | ၇၅.၀၀% |
| ၈ | မကွေးတိုင်းဒေသကြီး | | | | | | | | | | | | | | | |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၁ | ၉ | ၃ | | ၄ | ၃ | ၉ | ၁၀ | ၁၉ | ၄ | | ၄ | ၈ | ၁၁ | ၄၂.၁၁% |
| ၁၀ | မွန်ပြည်နယ် | | ၁ | ၁ | | | | | ၁ | ၁ | | | ၁ | ၁ | ၀ | ၁၀၀.၀၀% |
| ၁၁ | ရခိုင်ပြည်နယ် | | | | | | | | | | | | | | | |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၂ | ၂၈ | ၁၅ | ၁၀ | ၃ | ၂ | ၆၁ | ၃၀ | ၉၁ | ၄၆ | | ၆ | ၅၂ | ၃၉ | ၅၇.၁၄% |
| ၁၃ | ရှမ်းပြည်နယ် | ၁ | ၂ | ၂ | | | ၁ | | ၃ | ၃ | | ၁ | ၂ | ၃ | ၀ | ၁၀၀.၀၀% |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | | ၂ | | ၁ | ၁ | | ၂ | ၂ | ၄ | ၁ | | | ၁ | ၃ | ၂၅.၀၀% |
| ၁၅ | ပြည်ထောင်စုနယ်မြေ | | ၂ | | ၂ | | | ၇ | ၂ | ၉ | ၅ | | | ၅ | ၄ | ၅၅.၅၆% |
| ၁၆ | စားသုံးသူရေးရာဦးစီးဌာန (ရုံးချုပ်) | | | | | | | | | | | | | | | |
| | စုစုပေါင်း | ၅ | ၄၉ | ၂၀ | ၁၆ | ၁၁ | ၆ | ၈၁ | ၅၄ | ၁၃၅ | ၅၇ | ၁ | ၁၇ | ၇၅ | ၆၀ | ၅၅.၅၆% |
| | | ၅၄ | | ၅၄ | | | | | | | | ၁၈ | | | | |

**Source: CICC**



*စာမျက်နှာ ၁၈ မှ အဆက်*

လည်းကောင်း၊ ကျောက်ဆည်မြို့နယ် အုန်းခရိုင်ကျေးရွာ၊ ပင်တလည်ကျေးရွာ၊ ဇီးပင်ဝန်းကျေးရွာနှင့် ကျားကာကျေးရွာရှိ စားသုံးသူပြည်သူများအားလည်းကောင်း၊ ပြင်ဦးလွင်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိ ဝန်ထမ်းများအားလည်းကောင်း၊ ပျော်ဘွယ်မြို့နယ် ရွာထင်ကျေးရွာနှင့် မြင်းခြံမြို့နယ် သစ်ပင်ရှည်ကျေးရွာမှ စားသုံးသူပြည်သူများအားလည်းကောင်း၊ ညောင်ဦးမြို့ ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတွင် ပြုလုပ်သော ခေါင်းလျှော်ရည်နှင့် ဆပ်ပြာအမျိုးမျိုး ထုတ်လုပ်မှုသင်တန်းသို့ တက်ရောက်သော သင်တန်းသား၊ သင်တန်းသူ (၂၇) ဦးကိုလည်းကောင်း၊ ခရိုင်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနရုံးတွင် မြို့နယ်အတွင်းရှိ MSME လုပ်ငန်းရှင် (၃၅) ဦးကိုလည်းကောင်း ကုန်အညွှန်းအမှတ်အသားများအကြောင်းနှင့် အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းအကြောင်းများကို အသိပညာပေးဟောပြောခဲ့ကြောင်း သိရှိရပါသည်။ လုပ်ငန်းရှင်တွေ့ဆုံဆွေးနွေးခြင်းအနေဖြင့် ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြသာစည်မြို့နယ်၊ မဟာအောင်မြေမြို့နယ်၊ အောင်မြေသာစံမြို့နယ်နှင့် ပုသိမ်ကြီးမြို့နယ်ရှိ စားသောက်ကုန်များရောင်းချသည့် လုပ်ငန်းရှင်များအား စားသုံးသူကာကွယ်ရေးနှင့်ပတ်သက်သည့် အကြောင်းအရာများကို အသိပညာပေးဟောပြောခဲ့ကြောင်း သိရှိရပါသည်။

ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့် သင်္ဃန်းကျွန်းမြို့နယ်ရှိ အထွေထွေအုပ်ချုပ်ရေးမှူးရုံးနှင့် သုဝဏ္ဏဈေး၊ မြောက်ဥက္ကလာပမြို့နယ်ရှိ အထွေထွေအုပ်ချုပ်ရေးမှူးရုံးတို့မှ စားသုံးသူပြည်သူများ၊ မရမ်းကုန်းမြို့နယ်ရှိ အ. လ. က (၅) နှင့် အ. လ. က (၄)၊ အလုံမြို့နယ်ရှိ အ. မ. က (၆)၊ ကွမ်းခြံကုန်းမြို့နယ်ရှိ နယ်လှည့်စာကြည့်တိုက်နှင့် အ. မ. က မြေနီကုန်းကျောင်း၊ မှော်ဘီမြို့နယ်ရှိ အ. မ. က (အောင်မင်္ဂလာတပ်ကျောင်း)၊ လှည်းကူးမြို့နယ်ရှိ အ. မ. က (ဈေးကြီး) ကျောင်း၊ သုံးခွမြို့နယ်ရှိ အ. ထ. က (၁) ကျောင်း၊ တွံတေးမြို့နယ်ရှိ အ. ထ. က (အလယ်စု) ကျောင်းတို့ရှိ ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများ၊ တိုက်ကြီးမြို့နယ်ရှိ မြစ်ပယ်(၄) လမ်း၊ ဇောတိကုန်းရပ်ကွက်ရှိ စားသုံးသူပြည်သူများ၊ ကွမ်းခြံကုန်းမြို့နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံး စာဖတ်ဝိုင်းမှ စားသုံးသူပြည်သူများ၊ သုံးခွမြို့နယ်၊ သန်လျင်မြို့နယ်၊ ကျောက်တန်းမြို့နယ်နှင့် ခရမ်းမြို့နယ်တို့ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးတို့နှင့်ပူးပေါင်း၍ အသိပညာပေး Talk Show အစီအစဉ်များ ကျင်းပပြုလုပ်ခဲ့ကြောင်း၊ မရမ်းကုန်းမြို့နယ်ရှိ ဆက်သွယ်ရေးလုပ်ငန်း၊ ကော့မှူးမြို့နယ်ရှိ အဝတ်အထည်နှင့် ဆက်စပ်ပစ္စည်းဆိုင်၊ လှိုင်သာယာမြို့နယ်ရှိ ပညာရေးနှင့်သင်ကြားရေးအွန်လိုင်းလုပ်ငန်းနှင့် လူသုံးကုန်နှင့် အခြားသုံးပစ္စည်းလုပ်ငန်း၊ သာကေတမြို့နယ်၊ တောင်ဥက္ကလာပမြို့နယ်၊ သင်္ဃန်းကျွန်းမြို့နယ်နှင့် ကွမ်းခြံကုန်းမြို့နယ်တို့ရှိ သောက်ရေသန့်လုပ်ငန်း၊ ကမာရွတ်မြို့နယ်ရှိ လူသုံးကုန်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၊ လှိုင်သာယာမြို့နယ်ရှိ ကြာဇံစက်ရုံနှင့် သီဟိုဠ်စေ့စက်ရုံ၊ ဒဂုံမြို့နယ်ရှိ Fashion Shop တို့မှ လုပ်ငန်းရှင်များအား စားသုံးသူကာကွယ်ရေးဥပဒေပါ စားသုံးသူအခွင့်အရေးနှင့်တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်၏ တာဝန်များ

*စာမျက်နှာ ၂၀ ကော်လံ ၁ သို့*

*စာမျက်နှာ ၁၇ မှအဆက်*

ဖြူး၊ အုတ်တွင်း၊ ပြည်၊ ရွှေတောင်၊ ပန်းတောင်း၊ ပေါက်ခေါင်း၊ သာယာဝတီ၊ မိုးညို၊ ကြို့ပင်ကောက်၊ အုတ်ဖို၊ လက်ပံတန်း၊ မင်းလှ၊ ဇီးကုန်း၊ သဲကုန်း၊ နတ်တလင်းနှင့် ပေါင်းတည်မြို့တို့မှ ကုန်စုံဆိုင်လုပ်ငန်းရှင်၊ စတိုးဆိုင်လုပ်ငန်းရှင်၊ ဆေးဆိုင်လုပ်ငန်းရှင်နှင့် ဆီစက်လုပ်ငန်းရှင်များအား စီးပွားရေးလုပ်ငန်းရှင်တို့၏တာဝန်များနှင့် လိုက်နာရမည့် အချက်များအား အသိပညာပေးဟောပြောခဲ့ကြောင်း သိရှိရပါသည်။

**မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** ရေနံချောင်းမြို့၊ မြို့သစ်မြို့၊ ချောက်မြို့၊ သရက်မြို့၊ အောင်လံမြို့၊ မင်းဘူးမြို့၊ ပွင့်ဖြူမြို့၊ စလင်းမြို့၊ ပခုက္ကူမြို့၊ ဆိပ်ဖြူမြို့၊ ဂန့်ဂေါမြို့များရှိ အ. မ. က၊ အ. လ. က၊ အ. ထ. က ကျောင်းများမှ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ၊ တောင်တွင်းကြီးမြို့ရှိ မိဘပြည်သူများ၊ မကွေးမြို့ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနရှိ သင်တန်းသူသင်တန်းသားများ၊ ပခုက္ကူမြို့ရှိ မိဘပြည်သူများ၊ ဆိပ်ဖြူမြို့မှ အုပ်ချုပ်ရေးမှူးများနှင့် ရပ်ကျေးစာရေးများအား စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေးခြင်း၊ ပခုက္ကူမြို့ရှိ တိလောကရာမကျောင်းတိုက် (ဘက) ကျောင်းမှ ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများ၊ သရက်မြို့၊ အောင်လံမြို့၊ ဆင်ပေါင်ဝဲမြို့များရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်ပူးပေါင်း၍ စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေး Talk Show အစီအစဉ် ကျင်းပပြုလုပ်ခဲ့ကြောင်း၊ လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခြင်းအနေဖြင့် မကွေးမြို့ရှိ စားသုံးဆီရောင်းချသည့်လုပ်ငန်းရှင်များ၊ မကွေးမြို့၊ ရေနံချောင်းမြို့၊ မြို့သစ်မြို့၊ တောင်တွင်းကြီးမြို့၊ ချောက်မြို့၊ နတ်မောက်မြို့များရှိ စတိုးဆိုင်၊ ကုန်မျိုးစုံအရောင်းဆိုင်နှင့် စားသောက်ကုန်လုပ်ငန်းရှင်များ၊ ချောက်မြို့ရှိ ဆေးနှင့်ဆေးပစ္စည်းရောင်းချသည့် လုပ်ငန်းရှင်၊ ပွင့်ဖြူမြို့နှင့် စလင်းမြို့များရှိ စားသုံးဆီရောင်းချသည့် လုပ်ငန်းရှင်များ၊ မင်းဘူးမြို့နှင့် စလင်းမြို့များရှိ စတိုးဆိုင်၊ ကုန်မျိုးစုံအရောင်းဆိုင်နှင့် စားသောက်ကုန်လုပ်ငန်းရှင်များ၊ သရက်မြို့၊ အောင်လံမြို့နှင့် ဆင်ပေါင်ဝဲမြို့များရှိ စတိုးဆိုင်၊ ကုန်မျိုးစုံအရောင်းဆိုင်၊ စားသောက်ကုန်လုပ်ငန်းရှင်များ၊ သရက်မြို့ရှိ သောက်ရေသန့်ရောင်းချသည့်လုပ်ငန်းရှင်နှင့် ဆေးနှင့်ဆေးပစ္စည်းရောင်းချသည့်လုပ်ငန်းရှင်၊ ပခုက္ကူမြို့၊ ဆိပ်ဖြူမြို့နှင့် ဂန့်ဂေါမြို့များရှိ စတိုးဆိုင်၊ ကုန်မျိုးစုံအရောင်းဆိုင်နှင့် စားသောက်ကုန်လုပ်ငန်းရှင်များ၊ ဆိပ်ဖြူမြို့ရှိ စားသုံးဆီရောင်းချသည့်လုပ်ငန်းရှင်များ၊ ပခုက္ကူမြို့ရှိ သောက်ရေသန့်ရောင်းချသည့်လုပ်ငန်းရှင်တို့အား စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာရမည့်တာဝန်များအကြောင်း အသိပညာပေးဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

**မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်ရှိ အခြေခံပညာကျောင်းများ၊ ကျောက်ဆည်မြို့နယ်ရှိ အခြေခံပညာကျောင်းများ၊ ပြင်ဦးလွင်မြို့ရှိ အ. ထ. က ကျောင်း၊ မြစ်သားမြို့ရှိ အမှတ် (၁) အ. ထ. က ကျောင်းနှင့် ကျောက်ပန်းတောင်းမြို့နယ် မူလတန်းကျောင်းရှိ ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများအား

*စာမျက်နှာ ၁၉ ကော်လံ ၁ သို့*



# ထုတ်ကုန်လုံခြုံစိတ်ချရမှုကဏ္ဍ

## တိုင်းဒေသကြီးများအတွင်း ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်



စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းရေး၊ ထုတ်ကုန်များ လုံခြုံစိတ်ချရမှုရှိစေရေး၊ ကုန်စည်နှင့်ဝန်ဆောင်မှုများ ဘေးအန္တရာယ်ကင်းရှင်းစွာ အသုံးပြုခွင့်ရရှိစေရေး၊ ဘေးအန္တရာယ်ရှိသော ကုန်စည်များ ဈေးကွက်အတွင်းမှ ပပျောက်သွားစေရေး၊ စားသုံးသူကာကွယ်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှုရှိစေရေးတို့အတွက် တိုင်းဒေသကြီးအလိုက် စားသုံးသူရေးရာကော်မတီက သတ်မှတ်ပေးထားသည့် တစ်နှစ်စာအတွင်း ဦးစားပေးဆောင်ရွက်မည့် ကုန်စည် (၁၀) မျိုးကို သက်ဆိုင်ရာမိတ်ဖက်ဌာန အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၂၆ ခုနှစ်၊ ဩဂုတ်လအတွင်း -

**စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** ဈေးကွက်အတွင်းရောင်းချနေသော စားသောက်ကုန်များ၊ လူသုံးကုန်များ၊ စက်ရုံများ၊ ဆေးဝါးမျိုးစုံနှင့် စက်သုံးဆီများအား ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်း ဆောင်ရွက်ခဲ့ရာ တစ်နှစ်စာအတွင်း ဦးစားပေးဆောင်ရွက်ရန်လျာထားသည့် ကုန်စည် (၁၀) မျိုး ဖြစ်သည့် အသင့်ဖျော်ကော်ဖီနှင့် လက်ဖက်ရည်ထုပ်အမျိုးမျိုး၊ တိုင်းရင်းဆေးအမျိုးမျိုး၊ အာဟာရဖြည့်စွက်စာအမျိုးမျိုး၊ အလှကုန်ပစ္စည်းအမျိုးမျိုး၊ ဟင်းလျာများတွင် အရောင်၊ အနံ့၊ အရသာအတွက် အသုံးပြုသော ပစ္စည်းအမျိုးမျိုး၊ ကလေးတစ်ကိုယ်ရည်သန့်ရှင်းရေးသုံးပစ္စည်းအမျိုးမျိုး၊ အရန်သင့်အစားအစာအမျိုးမျိုး၊ သောက်ရေသန့်အမျိုးမျိုး၊ စားသုံးဆီအမျိုးမျိုး၊ အသင့်သောက်အချိုရည်အမျိုးမျိုးတို့အား စစ်ဆေးဆောင်ရွက်မှု (၂၆) ကြိမ် ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

**တနင်္သာရီတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** ထားဝယ်မြို့၊ စည်ပင်သာယာဈေးရှိ ဆေးဆိုင်များ၊ မြိတ်မြို့ပေါ်ရှိ ကျောင်းမုန့်ဈေးတန်းများ၊ ကုန်စုံဆိုင်များနှင့် ဆေးဆိုင်များ၊ ကော့သောင်းမြို့ပေါ်ရှိ ကျောင်းမုန့်ဈေးတန်းများ၊ ဆေးဆိုင်များ၊ ကုန်စုံဆိုင်များနှင့်သောက်ရေသန့်လုပ်ငန်းတို့သို့ သွားရောက်၍ ကုန်ညွှန်းအမှတ်အသားဖော်ပြရာတွင် စားသုံးသူကာကွယ်ရေး ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည့်စုံမှန်ကန်စွာ ဖော်ပြထားမှု ရှိ-မရှိ၊ သက်တမ်းလွန်ကုန်စည်များ ရောင်းချနေမှု ရှိ-မရှိ၊ သက်ဆိုင်ရာထောက်ခံချက်များမပါရှိသည့် စားသုံးဆီများ ရောင်းချနေမှုများ ရှိ-မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

*စာမျက်နှာ ၈ ကော်လံ ၁ သို့*

*စာမျက်နှာ ၇ မှ အဆက်*

**ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** ပဲခူးမြို့၊ ရုံးကြီးရပ်ကွက် (၂၉) လမ်း၊ ဆေးရုံဟောင်းလမ်း၊ စည်ပင်လမ်းနှင့် စည်ပင်သာယာရေးဈေးရှိ ကုန်စုံဆိုင်များ၊ ဈေးပိုင်းရပ်ကွက်ရှိ စတိုးဆိုင်များအားလည်းကောင်း၊ တောင်ငူခရိုင် ရေတာရှည်၊ တောင်ငူ၊ ဖြူးနှင့် အုတ်တွင်းမြို့တို့ရှိ ကုန်စုံဆိုင်များ၊ စတိုးဆိုင်များ၊ ဆေးဆိုင်များအားလည်းကောင်း၊ ပြည်ခရိုင် ပြည်၊ ရွှေတောင်၊ ပန်းတောင်းနှင့် ပေါက်ခေါင်းမြို့တို့ရှိ ကုန်စုံဆိုင်များ၊ စတိုးဆိုင်များနှင့် ဆေးဆိုင်များအားလည်းကောင်း၊ သာယာဝတီခရိုင် သာယာဝတီ၊ မိုးညို၊ ကြို့ပင်ကောက်၊ အုတ်ဖို၊ လက်ပံတန်းနှင့် မင်းလှမြို့တို့ရှိ ကုန်စုံဆိုင်များ၊ စတိုးဆိုင်များနှင့် ဆေးဆိုင်များအားလည်းကောင်း၊ ညောင်လေးပင်ခရိုင် ညောင်လေးပင်၊ ဒိုက်ဦး၊ ကျောက်တံခါးနှင့် ပွဲ့နတန်ဆာမြို့တို့ရှိ ကုန်စုံဆိုင်များ၊ စတိုးဆိုင်များနှင့် ဆေးဆိုင်များအားလည်းကောင်း၊ နတ်တလင်းခရိုင် ဇီးကုန်း၊ သဲကုန်း၊ နတ်တလင်းနှင့် ပေါင်းတည်မြို့တို့ရှိ မြို့ပတ်လမ်း၊ ဘုရားကြီးလမ်း၊ ကုန်သည်လမ်း၊ ရန်ကုန်-ပြည်လမ်းနှင့် မြို့မဈေးအတွင်းရှိ ကုန်စုံဆိုင်များ၊ စတိုးဆိုင်များနှင့် ဆေးဆိုင်များအားလည်းကောင်း သွားရောက်၍ ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ကြောင်း၊ ထိုသို့ဈေးကွက်စောင့်ကြည့်စစ်ဆေးရာ၌ သောက်ရေသန့်အမျိုးမျိုး၊ အသင့်စားမုန့်အမျိုးမျိုး၊ စားသုံးဆီအမျိုးမျိုး၊ နို့နှင့် နို့ထွက်ပစ္စည်းအမျိုးမျိုး၊ အသင့်ဖျော်ကော်ဖီနှင့် လက်ဖက်ရည်ထုပ်အမျိုးမျိုး၊ ဆေးနှင့်ဖြည့်စွက်စာအမျိုးမျိုး၊ အသင့်သောက်အချိုရည်အမျိုးမျိုး၊ အသင့်စားခေါက်ဆွဲခြောက်ထုပ်အမျိုးမျိုး၊ စည်သွပ်အစားအစာအမျိုးမျိုး၊ ကလေးအသုံးအဆောင်ပစ္စည်းအမျိုးမျိုးတို့ကို ဘေးအန္တရာယ်ကင်းရှင်းမှု ရှိ-မရှိ၊ ကုန်အညွှန်းအမှတ်အသား ပြည့်စုံစွာဖော်ပြထားခြင်း ရှိ-မရှိ၊ သက်တမ်းလွန် စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန် ပစ္စည်းများရောင်းချနေခြင်း ရှိ-မရှိ စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။

**မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** ကုန်စုံဆိုင်များ၊ စတိုးဆိုင်များ၊ စည်ပင်သာယာဈေးများ၌ ရောင်းချလျက်ရှိသော ကုန်စည်များတွင် မြန်မာဘာသာဖြင့် ကုန်အညွှန်းအမှတ်အသား ပြည့်စုံစွာဖော်ပြထားခြင်း ရှိ-မရှိနှင့် သက်ဆိုင်ရာဌာနများမှ စားသုံးရန်၊ သုံးစွဲရန် မသင့်သော ကုန်စည်များအား ဈေးကွက်အတွင်း ရောင်းချခြင်းရှိ-မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းကို စည်ပင်သာယာဈေးတွင် (၇) ကြိမ်၊ မြို့ပေါ်ရှိ ရပ်ကွက်များတွင် (၈) ကြိမ်၊ ကျောင်းမုန့်ဈေးတန်းတွင် (၁) ကြိမ်၊ စက်ရုံ အလုပ်ရုံများတွင် (၁၁) ကြိမ်၊ စုစုပေါင်း (၂၇) ကြိမ်နှင့် အထူးဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းကို စက်သုံးဆီအရောင်းဆိုင်များတွင် (၂) ကြိမ်၊ ဆေးနှင့်ဆေးပစ္စည်းအရောင်းဆိုင်များတွင် (၃) ကြိမ်၊ စုစုပေါင်း (၅) ကြိမ် ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါ သည်။

**မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** ဈေးများတွင် ရောင်းချလျက်ရှိသော အိမ်သုံးလျှပ်စစ်ပစ္စည်းအမျိုးမျိုး၊ အလှကုန်ပစ္စည်းအမျိုးမျိုး၊ အီလက်ထရောနစ်ပစ္စည်းအမျိုးမျိုး၊ အရန်သင့်အစားအစာအမျိုးမျိုး၊ အသင့်သောက်အချိုရည် အမျိုးမျိုး၊ အသင့်စားမုန့်အမျိုးမျိုး၊ ကလေးသူငယ်နှင့်လူကြီးအာဟာရဖြည့်စွက်စာအမျိုးမျိုး၊ ကလေးအသုံးအဆောင်ပစ္စည်း

*စာမျက်နှာ ၉ ကော်လံ ၁ သို့*



*စာမျက်နှာ ၁၆ မှ အဆက်*

ကျောင်းခွဲ၊ ကွန်းလှမြို့၊ ပျဉ်းမမြိုင်ရပ်ကွက်ရှိ အ. လ. က ကျောင်းခွဲ၊ ကွန်းလှမြို့၊ ပိတောက်မြိုင်ရပ်ကွက်ရှိ အမှတ် (၁) အ. မ. က ကျောင်း၊ စစ်ကိုင်းမြို့၊ ရွှေမင်းဝံရပ်ကွက်ရှိ လေ့ကျင့်ရေးအထက်တန်းကျောင်းနှင့် မုံရွာမြို့ နန္ဒဝန်ရပ်ကွက် အမှတ် (၆) အ. ထ. က ကျောင်းတို့ရှိ ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများ၊ စစ်ကိုင်းမြို့၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ မုန့်မျိုးစုံထုတ်လုပ်မှုနည်းပညာသင်တန်းရှိ သင်တန်းသားများအား စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောခဲ့ကြပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း၊ ထို့ပြင် ကလေးဝမြို့ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် စားသုံးသူအသိပညာပေး Talk Show အစီအစဉ်များ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရှိရပါသည်။ လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေး အသိပညာပေးမှုများကိုလည်း တိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့် (၁) ကြိမ်၊ ကလေးခရိုင်ဦးစီးမှူးရုံးအနေဖြင့် (၄) ကြိမ်၊ ကန့်ဘလူခရိုင်ဦးစီးမှူးရုံးမှ (၁) ကြိမ်၊ စစ်ကိုင်းခရိုင်ဦးစီးမှူးရုံးအနေဖြင့် (၇) ကြိမ်၊ မုံရွာခရိုင်ဦးစီးမှူးရုံးအနေဖြင့် (၂) ကြိမ်၊ ယင်းမာပင်ခရိုင်ဦးစီးမှူးရုံးအနေဖြင့် (၂) ကြိမ်၊ ရွှေဘိုခရိုင်ဦးစီးမှူးရုံးအနေဖြင့် (၄) ကြိမ်၊ စုစုပေါင်း (၂၁) ကြိမ် ဆောင်ရွက်နိုင်ခဲ့ပြီး စီးပွားရေးလုပ်ငန်းရှင်တို့၏ တာဝန်များ၊ လိုက်နာရမည့်အချက်များအား အသိပညာပေးဟောပြောကာ စီးပွားရေးလုပ်ငန်းရှင်နှင့်သက်ဆိုင်သော လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရှိရပါသည်။

**တနင်္သာရီတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** ထားဝယ်မြို့ အမှတ် (၃) အ. ထ. က ကျောင်းရှိ ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများအားလည်းကောင်း၊ လောင်းလုံးခရိုင် စိုက်ပျိုးရေးဦးစီးဌာနရှိ ဝန်ထမ်းများလည်းကောင်း၊ မြိတ်မြို့၊ သာကေတရပ်ကွက်ရှိ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းနှင့် ကော့သောင်းမြို့၊ မူလွန် အောင်သုခစာသင်ကျောင်းမှ ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများအားလည်းကောင်း၊ ဇင်ယော်ရပ်ကွက်ရှိ ပြည်သူများအားလည်းကောင်း စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောဆွေးနွေးခဲ့ပြီး လက်ကမ်းစာစောင်များအား ဖြန့်ဝေပေးခဲ့ကြောင်း သိရှိရပါသည်။

**ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** ပဲခူးမြို့၊ အ. ထ. က (အင်းတကော်)၊ တောင်ငူမြို့၊ အမှတ် (၂) အ. ထ. က၊ ပြည်ခရိုင်၊ ပေါက်ခေါင်းမြို့၊ အ. ထ. က (အိုးဘိုကုန်း)၊ သာယာဝတီခရိုင်၊ မင်းလှမြို့ အ. ထ. က (စိန်ကန့်လန့်)၊ ညောင်လေးပင်မြို့၊ အ. လ. က မြို့မ (၇)၊ နတ်တလင်းမြို့၊ မူလွန်ကုန်းသာကျောင်းတို့မှ ဆရာဆရာမများနှင့်ကျောင်းသားကျောင်းသူများအားလည်းကောင်း၊ ပန်းတောင်းမြို့၊ မင်းလှမြို့ အမှတ် (၃) ရပ်ကွက်၊ ကျောက်တံခါးမြို့ အမှတ် (၁) ရပ်ကွက်၊ သဲကုန်းမြို့နယ် ရွာသစ်ကျေးရွာ၊ ပေါက်ခေါင်းမြို့ အမှတ် (၃) ရပ်ကွက်၊ သာယာဝတီမြို့ အလယ်ကုန်ရပ်ကွက်နှင့် ညောင်လေးပင်မြို့တို့မှ ပြည်သူများအားလည်းကောင်း စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောခဲ့ကြပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရှိရပါသည်။ ထို့နောက် လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေး အသိပညာပေးမှုအနေဖြင့် ပဲခူး၊ ရေတာရှည်၊ တောင်ငူ၊

*စာမျက်နှာ ၁၈ ကော်လံ ၁ သို့*

## ၂၀၂၆ ခုနှစ်အတွင်း ကုန်အညွှန်းအမှတ်အသား စိစစ်ခွင့်ပြုပေးခဲ့မှုအခြေအနေ

| စဉ် | လအမည် | စိစစ်ရန် တင်ပြလာမှု အခြေအနေ (အရေအတွက်) | | ခွင့်ပြုခဲ့သည့် အခြေအနေ (အရေအတွက်) | |
|---|---|---|---|---|---|
| | | ကုမ္ပဏီ | ကုန်ပစ္စည်း | ကုမ္ပဏီ | ကုန်ပစ္စည်း |
| ၁။ | ဇန်နဝါရီလ | ၁၀၇ | ၃၃၈ | ၁၀၇ | ၃၃၈ |
| ၂။ | ဖေဖော်ဝါရီလ | ၈၈ | ၂၆၁ | ၈၈ | ၂၆၁ |
| ၃။ | မတ်လ | ၈၇ | ၂၂၇ | ၈၇ | ၂၂၇ |
| ၄။ | ဧပြီလ | ၆၀ | ၂၅၀ | ၆၀ | ၂၅၀ |
| ၅။ | မေလ | ၆၈ | ၂၄၃ | ၆၈ | ၂၄၃ |
| ၆။ | ဇွန်လ | ၁၃၅ | ၅၂၇ | ၁၃၅ | ၅၂၇ |
| ၇။ | ဇူလိုင်လ | ၁၃၇ | ၄၈၆ | ၁၃၇ | ၄၈၆ |
| ၈။ | ဩဂုတ်လ | ၇၉ | ၂၇၁ | ၇၉ | ၂၇၁ |
| စုစုပေါင်း | | ၇၆၁ | ၂၆၀၃ | ၇၆၁ | ၂၆၀၃ |

## စားသုံးသူအသိပညာပေးရေးကဏ္ဍ တိုင်းဒေသကြီးများတွင် အသိပညာပေးလုပ်ငန်းများဆောင်ရွက်



စားသုံးသူရေးရာဦးစီးဌာနရှိ တိုင်းဒေသကြီး ဦးစီးမှူးရုံးများသည် စားသုံးသူအခွင့်အရေးနှင့် အကျိုးစီးပွားကာကွယ်ရေး၊ လုံခြုံစိတ်ချရမှုရှိသော ကုန်စည်နှင့်ဝန်ဆောင်မှုများ ရွေးချယ်ဝယ်ယူ သုံးစွဲတတ်စေရေး၊ စားသုံးသူနစ်နာဆုံးရှုံးမှုများဖြစ်ပေါ်လာပါက ကုစားမှုများ ရယူတောင်းဆိုတတ်စေရေး၊ စားသုံးသူကာကွယ်ရေးဆိုင်ရာ အသိပညာဗဟုသုတများ ရရှိနိုင်စေရေးတို့အတွက် စားသုံးသူအသိပညာပေးဟောပြောပွဲများ ကျင်းပခြင်းနှင့် စီးပွားရေးကျင့်ဝတ်၊ စည်းကမ်းနှင့်အညီ ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်နိုင်စေရေးအတွက် စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၂၆ ခုနှစ်၊ ဩဂုတ်လအတွင်း-

**စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** ကလေးမြို့ သဇင်ရပ်ကွက်ရှိ အမှတ် (၄)၊ အ. ထ. က ကျောင်း၊ ကန့်ဘလူမြို့၊ အမှတ် (၁) ရပ်ကွက်ရှိ အ. လ. က

*စာမျက်နှာ ၁၇ ကော်လံ ၁ သို့*



*စာမျက်နှာ ၈ မှ အဆက်*

အမျိုးမျိုး၊ ကလေးအာဟာရဖြည့်စွက်စာအမျိုးမျိုးတို့ကို ကွင်းဆင်းစစ်ဆေးခဲ့ရာ မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးမှ (၁) ကြိမ်၊ ကျောက်ဆည်ခရိုင်ဦးစီးမှူးရုံးမှ (၃) ကြိမ်၊ မိတ္ထီလာခရိုင်ဦးစီးမှူးရုံးမှ (၂) ကြိမ်နှင့် မြင်းခြံခရိုင်ဦးစီးမှူးရုံးတို့မှ (၁) ကြိမ် ဆောင်ရွက်ခဲ့ကြောင်း၊ ရပ်ကွက်ကုန်စုံဆိုင်များတွင် ရောင်းချလျက်ရှိသော အရန်သင့်အစားအစာအမျိုးမျိုး၊ အသင့်သောက် အချိုရည်အမျိုးမျိုး၊ အသင့်စားမုန့်အမျိုးမျိုး၊ ကလေးသူငယ်နှင့် လူကြီးအာဟာရဖြည့်စွက်စာအမျိုးမျိုးနှင့် စားသုံးဆီအမျိုးမျိုးတို့ကို ကွင်းဆင်းစစ်ဆေးမှုအနေဖြင့် မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးမှ (၁၁) ကြိမ်၊ ကျောက်ဆည်ခရိုင်ဦးစီးမှူးရုံးမှ (၆) ကြိမ်၊ မိတ္ထီလာခရိုင်ဦးစီးမှူးရုံးမှ (၉) ကြိမ်နှင့် မြင်းခြံခရိုင်ဦးစီးမှူးရုံးတို့မှ (၈) ကြိမ်ဆောင်ရွက်ခဲ့ကြောင်း၊ ကျောင်းမုန့်ဈေးတန်းများသို့ ကွင်းဆင်းစစ်ဆေးမှုအနေဖြင့် မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးမှ (၂) ကြိမ်၊ ကျောက်ဆည်ခရိုင်ဦးစီးမှူးရုံးမှ (၂) ကြိမ်၊ မိတ္ထီလာခရိုင်ဦးစီးမှူးရုံးမှ (၁) ကြိမ်နှင့် မြင်းခြံခရိုင်ဦးစီးမှူးရုံးတို့မှ (၃) ကြိမ် ဆောင်ရွက်ခဲ့ကြောင်း၊ စက်ရုံ/အလုပ်ရုံများသို့ ကွင်းဆင်းစစ်ဆေးမှုအနေဖြင့် မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးမှ (၁) ကြိမ်၊ ကျောက်ဆည်ခရိုင်ဦးစီးမှူးရုံးမှ (၁) ကြိမ်၊ မိတ္ထီလာခရိုင်ဦးစီးမှူးရုံးမှ (၂) ကြိမ်နှင့် မြင်းခြံခရိုင်ဦးစီးမှူးရုံးတို့မှ (၃) ကြိမ်စီ ဆောင်ရွက်ခဲ့ကြောင်း၊ ဆေးနှင့်ဆေးပစ္စည်းများကို ကျောက်ဆည်ခရိုင်ဦးစီးမှူးရုံးမှ (၃) ကြိမ်၊ မိတ္ထီလာခရိုင်ဦးစီးမှူးရုံးမှ (၁) ကြိမ်နှင့် မြင်းခြံခရိုင်ဦးစီးမှူးရုံးတို့မှ (၄) ကြိမ် ဆောက်ရွက်ခဲ့ကြောင်း၊ အခြားကွင်းဆင်းစစ်ဆေးမှုအနေဖြင့် မြင်းခြံခရိုင်ဦးစီးမှူး



ရုံးတို့မှ (၁) ကြိမ်၊ စုစုပေါင်း (၆၅) ကြိမ် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရှိရပါသည်။

**ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** သန်လျင်မြို့နယ်ရှိ City Mart နှင့် Aeon Orange ဆိုင်များတွင် ရောင်းချနေသော အေးခဲအစားအစာအမျိုးမျိုးတွင် ကုန်အညွှန်းအမှတ်အသားများ ပြည့်စုံစွာ ပါဝင်ခြင်း ရှိ-မရှိ၊ ပုဇွန်တောင်မြို့နယ်၊ ပုဇွန်တောင်ဈေးရှိ ဘူးသွပ်ဆိုင်များတွင် ကုန်ညွှန်းအမှတ်အသားများ ပြည့်စုံစွာပါဝင်ခြင်း ရှိ-မရှိ၊ သာကေတမြို့နယ်ရှိ သောက်ရေသန့်ထုတ်လုပ်သည့်လုပ်ငန်းများသို့ သွားရောက်၍ မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်၏ (၂/၂၀၁၉) နှင့်အညီ ကုန်အညွှန်းအမှတ်အသားများကို ဖော်ပြထားခြင်း ရှိ-မရှိ၊ ရွှေပြည်သာမြို့နယ်ရှိ KaThit Oo Food Production Co., Ltd. သို့ သွားရောက်၍ ကုန်ညွှန်းအမှတ်အသားများ ပြည့်စုံစွာပါဝင်ခြင်း ရှိ-မရှိ၊ သက်ဆိုင်ရာဌာနများ၏ ဥပဒေ၊ ညွှန်ကြားချက်များနှင့် ကိုက်ညီစွာ ဖြန့်ဖြူးရောင်းချနေမှု ရှိ-မရှိ၊ လှိုင်သာယာမြို့နယ်ရှိ TWO BIRDS MANUFACTURING Co., Ltd. သို့ သွားရောက်၍

*စာမျက်နှာ ၁၀ ကော်လံ ၁ သို့*

*စာမျက်နှာ ၉ မှအဆက်*

ကုန်ညွှန်းအမှတ်အသားများ ပြည့်စုံစွာပါဝင်ခြင်း ရှိ-မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ကြောင်း သိရှိရပါသည်။

**ဧရာဝတီတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** ပုသိမ်မြို့နယ်၊ ငပုတောမြို့နယ်၊ သာပေါင်းမြို့နယ်၊ ကျုံပျော်မြို့နယ်၊ ရေကြည်မြို့နယ်နှင့် ကျောင်းကုန်းမြို့နယ်အတွင်းရှိ ဆန်ဆိုင်များ၊ ဆေးဆိုင်များနှင့် ကုန်မျိုးစုံဆိုင်များ၊ အခြေခံပညာကျောင်းများမှ ကျောင်းမုန့်ဈေးတန်းများ၊ ဟင်္သာတခရိုင်၊ မြောင်းမြခရိုင်နှင့် မအူပင်ခရိုင်အတွင်းရှိ မြို့နယ်များမှ ကုန်မျိုးစုံဆိုင်များတွင် ရောင်းချနေသော အသင့်စားခေါက်ဆွဲခြောက်ထုပ်အမျိုးမျိုး၊ မြောင်းမြခရိုင်အတွင်းရှိ ဆီဆိုင်များ၊ မအူပင်ခရိုင်အတွင်းရှိ ကျောင်းမုန့်ဈေးတန်းများ၌ ရောင်းချလျက်ရှိသော အသင့်စားမုန့်အမျိုးမျိုးတို့တွင် ကုန်အညွှန်းအမှတ်အသားဆိုင်ရာ အချက်အလက်များ ပြည့်စုံကိုက်ညီစွာဖော်ပြထားခြင်း ရှိ-မရှိ၊ စက်သုံးဆီဆိုင်များတွင် ဈေးနှုန်းမြင့်တင်ရောင်းချမှုရှိ-မရှိ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သတင်းရရှိပါသည်။

**Source:တိုင်းဒေသကြီးဦးစီးမှူးရုံးများ**

## ပြည်နယ်များအတွင်း ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

စားသုံးသူရေးရာဦးစီးဌာနအနေဖြင့် စားသုံးသူများ အသုံးပြုလျက်ရှိသည့် ကုန်စည်နှင့်ဝန်ဆောင်မှုများ ဘေးအန္တရာယ်ကင်းရှင်းစွာ အသုံးပြုခွင့်ရရှိစေရေး၊ စားသုံးသူကာကွယ်ရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှုရှိစေရေးအတွက် သက်ဆိုင်ရာပြည်နယ်များအလိုက် ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၂၆ ခုနှစ် ဩဂုတ်လအတွင်း-

**ကချင်ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** မြစ်ကြီးနားမြို့ရှိ ခေမာသီရိရပ်ကွက်၊ ကဝါးခရပ်ကွက်၊ မန်ခိန်ရပ်ကွက်၊ စက်မှုဇုန်ရပ်ကွက်၊ တပ်ကုန်းရပ်ကွက်နှင့် မြို့မရပ်ကွက် ရေစင်ကွင်းဈေးရှိ ကုန်စုံဆိုင်များ၊ မြို့သစ်ရပ်ကွက်ရှိ စက်ရုံ/အလုပ်ရုံ၊ ဧရာရပ်ကွက်နှင့် ဒူကထောင်ရပ်ကွက်ရှိ ဆေးဆိုင်များ၊ ရှမ်းစုမြောက်ရပ်ကွက်ရှိ စတိုးဆိုင်များအား ဈေးကွက်စောင့်ကြည့် စစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း၊ အလားတူ မိုးညှင်းမြို့ရှိ သာစည်ရပ်ကွက်၊ ရွာသစ်ကုန်းရပ်ကွက်၊ နားခါရပ်ကွက်နှင့် အမှတ် (၁) စည်ပင်သာယာဈေးရှိ ကုန်စုံဆိုင်များ၊ မိုးညှင်းမြို့ နားခါရပ်ကွက်၊ အ. ထ. က ကျောင်းခွဲရှိ ကျောင်းမုန့်ဈေးဆိုင်၊ နတ်ကြီးကုန်းရပ်ကွက်ရှိ စက်ရုံ/အလုပ်ရုံ၊ စိမ်းရတနာမွန် (တောင်) ရပ်ကွက်၊ မြို့မရပ်ကွက်ရှိ စတိုးဆိုင်များအား ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ကြောင်း၊ ထိုသို့ဈေးကွက်စောင့်ကြည့်စစ်ဆေးရာ၌ အသင့်စားမုန့်အမျိုးမျိုး၊ စားသုံးဆီအမျိုးမျိုး၊ နို့နှင့်နို့ ထွက်ပစ္စည်းအမျိုးမျိုး၊ အသင့်ဖျော်ကော်ဖီနှင့် လက်ဖက်ရည်ထုပ်အမျိုးမျိုး၊ ဆေးနှင့်ဖြည့်စွက်စာအမျိုးမျိုး၊ အသင့်သောက်အချိုရည်အမျိုးမျိုး၊ အသင့်စားခေါက်ဆွဲခြောက်ထုပ်အမျိုးမျိုး၊ စည်သွပ်အစားအစာအမျိုးမျိုး၊ ကလေးအသုံးအဆောင်ပစ္စည်းအမျိုးမျိုးတို့ကို ဘေးအန္တရာယ်ကင်းရှင်းမှု ရှိ-မရှိ၊ ကုန်အညွှန်းအမှတ်အသားပြည့်စုံစွာ

*စာမျက်နှာ ၁၁ ကော်လံ ၁ သို့*



*စာမျက်နှာ ၁၄ မှ အဆက်*

ကျောက်ရပ်ရှိ အွန်လိုင်းစနစ်ဖြင့် ရောင်းချသည့် လုပ်ငန်းများ၊ လားရှိုးမြို့၊ ရပ်ကွက် ၇၊ နယ်မြေ (၉) ရှိ “K&S Lego and Toys Accessories” နှင့် အခြားသုံးပစ္စည်းများ ရောင်းချသည့်လုပ်ငန်း၊ လားရှိုးမြို့၊ ရပ်ကွက် (၉)၊ စကားဝါလမ်းတွင် အွန်လိုင်းစနစ်ဖြင့် ရောင်းချသည့် လုပ်ငန်းများအား ကွင်းဆင်းစစ်ဆေးရာ၌ Online စနစ်ဖြင့် ရောင်းဝယ်မှုပြုလုပ်ရာတွင် သက်ဆိုင်ရာဌာန၏ ထောက်ခံချက် မှတ်ပုံတင်ပြုလုပ်၍ စနစ်တကျ ဖြန့်ဖြူးရောင်းဝယ်မှုပြုလုပ်ရန်၊ အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေပါအတိုင်း လိုက်နာဆောင်ရွက်ရန်နှင့် စားသုံးသူကာကွယ်ရေးဥပဒေအခန်း (၁၀) ပါ စီးပွားရေးလုပ်ငန်းရှင်၏ တာဝန်များကို လိုက်နာဆောင်ရွက်ရန် အသိပညာပေးဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**Source: တိုင်းဒေသကြီးနှင့် ပြည်နယ်ဦးစီးမှူးရုံးများ**

## ၂၀၂၆ ခုနှစ်၊ ဩဂုတ်လအတွင်း ဈေးကွက်စောင့်ကြည့်စစ်ဆေးမှုအခြေအနေ

စားသုံးသူရေးရာဦးစီးဌာနသည် စားသုံးသူပြည်သူများ အသုံးပြုလျက်ရှိသည့် ကုန်စည်များဖြစ်သော အသင့်စားအစားအစာများ၊ စားသုံးဆီများ၊ အသင့်သောက်အချိုရည်များ၊ အရန်သင့်အစားအစာများ၊ အိမ်သုံးဆေးဝါးများနှင့် လူသုံးကုန်ပစ္စည်းများကို ဘေးအန္တရာယ်ကင်းရှင်းမှု ရှိ-မရှိ သက်ဆိုင်ရာ မိတ်ဖက်ဌာနများနှင့် ပူးပေါင်းစစ်ဆေးခြင်း၊ စားသုံးဆီများအား ဖြစ်သင့်ဖြစ်ထိုက်သော ဈေးနှုန်းများနှင့် ရောင်းချခြင်းရှိ-မရှိနှင့် ဆေးနှင့်ဆေးပစ္စည်းများ ဈေးကွက်အတွင်း ပစ္စည်းပြတ်လပ်မှု ရှိ-မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၂၆ ခုနှစ်၊ ဩဂုတ်လအတွင်း ဈေးကွက်စောင့်ကြည့်စစ်ဆေးမှု (၂၀၅၄) ကြိမ် ဆောင်ရွက်နိုင်ခဲ့ကြောင်း သတင်းရရှိပါသည်။

**Source: ထုတ်လုံ**

## ၂၀၂၆ ခုနှစ်အတွင်း ကုန်အညွှန်းအမှတ်အသား စိစစ်ခွင့်ပြုပေးခဲ့မှုအခြေအနေ

စားသုံးသူကာကွယ်ရေးဥပဒေ၂၀၁၉၊ အခန်း (၁၈) တွင် ကုန်အညွှန်းအမှတ်အသားဖော်ပြခြင်းနှင့်စပ်လျဉ်းသည့် အချက်အလက်များ ပြဋ္ဌာန်းထားပြီး ကုန်အညွှန်းအမှတ်အသား ဖော်ပြရာတွင် မြန်မာဘာသာဖြင့် ဖော်ပြရန် လိုအပ်သည့် အသေးစိတ်အချက်များကိုလည်း စီးပွားရေးလုပ်ငန်းရှင်များ လိုက်နာရန်အတွက် မြန်မာနိုင်ငံစားသုံးသူကာကွယ်ရေးကော်မရှင်က ညွှန်ကြားချက်အမှတ် (၂/၂၀၁၉ ) ဖြင့် ထုတ်ပြန်ထားပြီးဖြစ်ပါသည်။ ထုတ်ကုန်လုံခြုံစိတ်ချရမှုဌာနခွဲအနေဖြင့် ကုန်စည်များတွင် မြန်မာဘာသာဖြင့် ကုန်အညွှန်းအမှတ်အသားဖော်ပြထားခြင်းအား ညွှန်ကြားချက် (၂/၂၀၁၉) နှင့်အညီ စိစစ်ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၆ ခုနှစ်အတွင်း ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး/ပြည်နယ်များမှ တင်ပြလာသည့် ကုန်စည်များကို တစ်ဖက်ပါအတိုင်း စိစစ်ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိပါသည်-

*စာမျက်နှာ ၁၆ ကော်လံ ၁ သို့*

*စာမျက်နှာ ၁၃ မှ အဆက်*

သည့်ဆိုင်၊ ကျိုက်ထိုမြို့နယ် ဘုရားလမ်းရှိ ဖက်ရှင်အသုံး အဆောင်ပစ္စည်းဆိုင်များ၊ အထည်အလိပ်၊ အဝတ်အထည် နှင့် ဆက်စပ်ပစ္စည်းများ ရောင်းချသည့်ဆိုင်၊ မော်လမြိုင် မြို့နယ် ၁၆ လမ်းရှိ မြိုင်သာယာအိမ်သုံးပစ္စည်းများ ရောင်းချသည့်ဆိုင်၊ မုဒုံမြို့၊ ဗိုလ်ချုပ်လမ်းသွယ် မြို့မ (၃) ရပ်ကွက်၊ ဘုရားလေးဆူ အရှေ့ပိုင်းရပ်ကွက်၊ ရေးမြို့နယ် ဘတ်တောရပ်ကွက်၊ ဇီးဖြူသောင်ကျေးရွာတို့ရှိ ကလေး အသုံးအဆောင်ပစ္စည်းများ၊ အထည်အလိပ်၊ အဝတ်အထည်နှင့်ဆက်စပ်ပစ္စည်းများ ရောင်းချသည့်ဆိုင်၊ မော်လမြိုင်မြို့ မြို့ရှောင်လမ်း၊ လှိုင်ရပ်ကွက်ရှိ စားသောက်ကုန်ပစ္စည်းရောင်းချသည့်ဆိုင်၊ မော်လမြိုင်ကွင်းကျောင်း လမ်း၊ အပိုင်း (၁၀) ကွင်းရပ်ကွက်ရှိ အထည်အလိပ်နှင့် အဝတ်အထည်ဆက်စပ်ပစ္စည်း ရောင်းချသည့်ဆိုင်၊ မော်လမြိုင်မြို့ စကားဝါလမ်း၊ ရွှေတောင်ရပ်ကွက်ရှိ အိမ်သုံးပစ္စည်းဆိုင်များ၊ ဖက်ရှင်အသုံးအဆောင်ပစ္စည်း များ၊ လူသုံးကုန်ပစ္စည်းများနှင့် စားသောက်ကုန်ပစ္စည်းများ ရောင်းချသည့်ဆိုင်၊ မော်လမြိုင်မြို့ ပြည်တော်သာဝင်း၊ ဖက်တန်းရပ်ကွက်ရှိ FDA အတည်ပြုပြီးသော ဆေးဝါး၊ ကုသရေးသုံးပစ္စည်းများနှင့် ဖြည့်စွက်စာများ ရောင်းချသည့်ဆိုင်၊ မုဒုံမြို့ အမှတ် (၄၇) မော်-သံလမ်း ကျုံဖိုက်ကျေးရွာရှိ အလှကုန်ပစ္စည်းများ၊ အထည်အလိပ်၊ ဖက်ရှင် အသုံးအဆောင်ပစ္စည်းများ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ အဝတ်အထည်နှင့် ဆက်စပ် ပစ္စည်းများ ရောင်းချသည့်ဆိုင်နှင့် Online သက်တမ်း တိုးခြင်းဆောင်ရွက်ခဲ့သည့် မော်လမြိုင်မြို့ အောက်လမ်းမကြီး ဘိုကုန်းရပ်ကွက်ရှိ စားသောက်ကုန်ပစ္စည်းရောင်းချသည့် ဆိုင်၊ ရွှေတောင်ရပ်ကွက်ရှိ အားကစားပစ္စည်းများ၊ လူသုံး ကုန်ပစ္စည်းများ အခြားသုံးပစ္စည်းများ ရောင်းချသည့်ဆိုင် တို့အား အွန်လိုင်းမှတ်ပုံတင်လျှောက်ထားခြင်းနှင့်စပ်လျဉ်း ၍ မြေပြင်ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ ကြောင်း သိရှိရပါသည်။

**ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** တိုက်ကြီးမြို့နယ်ရှိ အွန်လိုင်းစနစ်ဖြင့် ရောင်းချသည့် လုပ်ငန်းရှင်များ၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး အစည်းအဝေးခန်းမတွင် Online Sale ရောင်းချသည့် လုပ်ငန်းရှင်များ၊ အရှေ့ပိုင်းခရိုင်ဦးစီးမှူးရုံး၌ လုပ်ငန်း ရှင်များ၊ အင်တာနက်ဝန်ဆောင်မှုလုပ်ငန်းဖြစ်သည့် ATsOM Myanmar Limited မှ လုပ်ငန်းရှင်များအား အွန်လိုင်းရောင်းချခြင်းနှင့်စပ်လျဉ်း၍ မှတ်ပုံတင်ခြင်း ဆိုင်ရာအချက်များနှင့် သိရှိလိုက်နာရမည့်အချက်များကို အသိပညာပေး ဆွေးနွေးခဲ့ပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရှိရပါသည်။

**ရှမ်းပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** တောင်ကြီးမြို့ မြို့မရပ်နှင့် အေးသာယာမြို့၊ အောင်ပန်းမြို့၊ ကျိုင်းတုံမြို့ ရပ်ကွက် (၄) နှင့် လားရှိုးမြို့၊ နယ်မြေ (၁၀)၊ တိုင်းရိုးလမ်း တို့ရှိ အဝတ်အထည်၊ အထည်အလိပ်များအား အွန်လိုင်း စနစ်ဖြင့် ရောင်းချသည့်လုပ်ငန်း၊ ကျိုင်းတုံမြို့ ရပ်ကွက် (၃)၊ ဝေါ်ပေါးရပ်အတွင်းရှိ အွန်လိုင်းစနစ်ဖြင့် Hand-made Accessories Shop ရောင်းချသည့်လုပ်ငန်း၊ ရပ်ကွက် (၃)၊ ကျိုင်းစီရပ်ကွက်နှင့် ရပ်ကွက် (၂)၊ နောင်

*စာမျက်နှာ ၁၅ ကော်လံ ၁ သို့*



*စာမျက်နှာ ၁၀ မှ အဆက်*

ဖော်ပြထားခြင်း ရှိ-မရှိ၊ သက်တမ်းလွန်စားသောက်ကုန် ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများ ရောင်းချနေခြင်း ရှိ-မရှိ၊ စံမညီဆေးဝါးများ ဈေးကွက်အတွင်း ရောင်းချခြင်း ရှိ-မရှိ စစ်ဆေးခဲ့ကြောင်း သိရှိရပါသည်။

**ကယားပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** လွိုင်ကော်မြို့ သီရိမင်္ဂလာဈေးအတွင်းရှိ အသင့်စားမုန့်အမျိုးမျိုး ရောင်းချ၍နေသော လက်လီလက်ကား ကုန်စုံဆိုင်များ သို့လည်းကောင်း၊ လောဓမ္မရပ်ကွက်ရှိ အ. ထ. က ကျောင်း (ခွဲ) တွင် အရန်သင့်အစားအစာအမျိုးမျိုး ရောင်းချနေသော ကျောင်းမုန့်ဈေးတန်းသို့လည်းကောင်း၊ လွိုင်ကော်မြို့ပေါ်ရှိ ကိတ်မုန့်၊ ပေါင်မုန့်များ ထုတ်လုပ် ဖြန့်ဖြူးရောင်းချနေသော TTH မုန့်ဖို နှင့် A1 မုန့်ဖိုသို့ လည်းကောင်း ကုန်အညွှန်းအမှတ်အသား သတ်မှတ်ချက် များနှင့် ပြည့်စုံမှု ရှိ-မရှိ၊ သက်တမ်းလွန် စားသောက်ကုန် ပစ္စည်းများ ရောင်းချမှု ရှိ-မရှိ ဈေးကွက် စောင့်ကြည့်စစ် ဆေးခဲ့ကြောင်း သိရှိရပါသည်။

**ကရင်ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** ဘားအံမြို့ရှိ အ. ထ. က (၅)၊ အ. မ. က (မူလွန်) ၃ နှင့် အ. ထ. က (၁) ကျောင်းများမှ ကျောင်းမုန့်ဈေးတန်းများအား လည်းကောင်း၊ အမှတ် (၁) စံပြဈေးနှင့် ဝါဆိုဦးဈေးရှိ ကုန်စုံဆိုင်များအားလည်းကောင်း၊ မြဝတီမြို့ရှိ အ. လ. က (၄) နှင့် အ. မ. က (မူလွန်) ကျောင်းများမှ ကျောင်းမုန့် ဈေးတန်းများအားလည်းကောင်း၊ မြဝတီမြို့ရှိ သင်းနုအိမ် ဟောပေ့ါဆိုင်၊ မြတ်ထမင်းဆိုင်နှင့် အောင်မြေရွှေဘုံ စားသောက်ဆိုင်များသို့ သွားရောက်၍ ကုန်အညွှန်းအမှတ် အသား ကိုက်ညီမှုရှိ-မရှိ၊ သတ်မှတ် ရည်ညွှန်းဈေးအလိုက် ရောင်းချနေမှုရှိ-မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ကြောင်း သိရှိရပါသည်။

**မွန်ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** မုဒုံမြို့နယ်နှင့် ဘီးလင်းမြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များသို့ သွားရောက်ပြီး စက်သုံးဆီပြတ်လပ်မှု ရှိ-မရှိ၊ အလေးချိန် လီတာ ပြည့်-မပြည့်နှင့် သတ်မှတ်ရည်ညွှန်းဈေးအတိုင်း ရောင်းချမှု ရှိ-မရှိ၊ မော်လမြိုင်မြို့နယ်၊ ဆီဆုံလမ်း၊ ဒိုင်ဝန်း ကွင်းရပ်ကွက်ရှိ ပဲငံပြာရည်လုပ်ငန်း၊ သထုံမြို့နယ်၊ မင်းလမ်း၊ လိပ်အင်းရပ်ကွက်ရှိ ရိုးရာ-ကပျာကယာမုန့် လုပ်ငန်းတို့အား ကုန်အညွှန်းအမှတ်အသားပြည့်စုံစွာ ဖော် ပြထားမှု ရှိ-မရှိ၊ မော်မြိုင်မြို့နယ် ကြက်တန်းမန္တလေး ရပ်ကွက်နှင့် ကျိုက်မရောမြို့နယ် အတ္တရံရပ်ကွက်တို့ရှိ စတိုးဆိုင်များ၊ ချောင်းဆုံမြို့နယ်ရှိ အမှတ် (၂) ဈေး၊ မုဒုံမြို့နယ်ရှိ ရွှေဟင်္သာဈေး၊ သထုံမြို့နယ်ရှိ မြို့မဈေး၊ ကျိုက်ထိုမြို့နယ်ရှိ ဗိုလ်ချုပ်ဈေး၊ ပေါင်မြို့နယ်ရှိ ပေါင်းရပ် ကွက်နှင့် ဘီးလင်းမြို့နယ် ဘိုးရာဇာရပ်ကွက်တို့ရှိ စတိုးဆိုင် များနှင့် လက်လီလက်ကားအရောင်းဆိုင်များတွင် ရောင်း ချလျက်ရှိသော စားသုံးဆီအမျိုးမျိုးတွင် မြန်မာဘာသာဖြင့် ကုန်အညွှန်းအမှတ်အသားပြည့်စုံစွာ ဖော်ပြထားခြင်းရှိ-မရှိ၊ မော်လမြိုင်မြို့နယ်ရှိ ဆေးဆိုင်များအား လက်ကား ဈေးအပေါ်တွင် ဒေသပေါက် ဈေးထက်ဈေးနှုန်းပိုမိုအမြတ် တင်ပြီး လက်လီရောင်းချနေမှုရှိ-မရှိ ကွင်းဆင်းစစ်ဆေးခဲ့ ကြောင်း၊ မော်လမြိုင်မြို့နယ် အ. ထ. က (၇) ကျောင်းရှိ မုန့်ဈေးတန်း၊ ကျိုက်မရောမြို့နယ် အ. လ. က (ခွဲ) ရန်မျိုး အောင်ရပ်ကွက် ကျောင်းမုန့်ဈေးတန်းတို့သို့ သွားရောက်၍

*စာမျက်နှာ ၁၂ ကော်လံ ၁ သို့*

စာမျက်နှာ ၁၁ မှအဆက်

ကုန်အညွှန်းအမှတ်အသားပြည့်စုံစွာ ဖော်ပြထားရှိ-မရှိ ဈေးကွက်စောင့်ကြည့်စစ်ဆေးခဲ့ကြောင်း၊ ထို့ပြင် မော်လမြိုင်မြို့ မြို့ရှောင်လမ်း၊ မဟာမြိုင်ရပ်ကွက်ရှိ Mytel ၊ အောက်လမ်းမကြီး၊ မရမ်းကုန်းရပ်ကွက်ရှိ ကံထူးရှင်၊ ဗဟိုလမ်း၊ မရမ်းကုန်းရပ်ကွက်ရှိ Myanmar Net နှင့် 5BB ၊ ပန်းပဲတန်းလမ်း (ဗဟိုလမ်း) ရှိ WELINK ၊ သံလွင်ဥယျာဉ်လမ်း၊ ဘိုကုန်းရပ်ကွက်ရှိ MBT ၊ မော်လမြိုင်စာတိုက်ကြီးဝင်း၊ရှိ MPT၊ မောင်ငံရပ်ကွက်ရှိ Stream-Net ၊ သထုံမြို့ ကျောက်လုံးကြီးပိုင်း၊ ပေါ်တော်မူကျေးရွာအုပ်စုရှိ Mytel ၊ အောင်ဇေယျာရပ်ကွက်၊ မင်းလမ်းရှိ HantharNet အော်ပရေတာများသို့ သွားရောက်စစ်ဆေးခဲ့ရာ အမှန်တကယ် အသုံးပြုသူများနှင့် ချုပ်ဆိုရန် စာချုပ်ပုံစံများ သတ်မှတ်ထားမှု ရှိ-မရှိ၊ အမှန်တကယ် အသုံးပြုသူများအား မှန်ကန်သည့် အသေးစိတ်ငွေတောင်းခံလွှာများ ရှိ-မရှိ၊ အမှန်တကယ် အသုံးပြုသူများအား မျှတ၍ ပွင့်လင်းမြင်သာမှုရှိသော အငြင်းပွားမှုဖြေရှင်းရေး လုပ်ငန်းစဉ်ကို သတ်မှတ်ထားမှု ရှိ-မရှိ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရှိရပါသည်။

**ရှမ်းပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** လွိုင်လင်မြို့၊ ရွှေညောင်မြို့ရှိ စားအုန်းဆီဆိုင်များ၊ အောင်ပန်း၊ နမ့်ဆန်၊ ပင်လုံမြို့ပေါ်ရှိ ဆန်ဆိုင်များ၊ နမ့်စန်မြို့၊ ပင်လုံမြို့ရှိ ကုန်စုံဆိုင်များ၊ အောင်ပန်းမြို့ ရှာင်စုရပ်ကွက်ရှိ ဆေးဆိုင်၊ ပင်လုံမြို့ရှိ ကော်ဖီမှုန့်လုပ်ငန်း၊ လွိုင်လင်မြို့ပေါ်ရှိ သောက်ရေသန့်လုပ်ငန်း၊ တောင်ကြီးမြို့၊ နောင်တလီကျေးရွာရှိ အကြော်စုံလုပ်ငန်း၊ လွိုင်လင်မြို့ပေါ်ရှိ အာလူးကြော်လုပ်ငန်း၊ ပင်းတယမြို့ ရှမ်းရပ်ကွက်ရှိ လက်ဖက်လုပ်ငန်း၊ အောင်ပန်းမြို့ မိုးကောင်းရပ်ကွက်ရှိ စော်ဘွား (လက်ဖက်ခြောက်) လုပ်ငန်း၊ ပင်းတယမြို့ ဆူဘိုကုန်းရပ်ကွက်ရှိ ကုန်စုံဆိုင်၊ အောင်ပန်းမြို့ရှိ အ. ထ. က (၃) နှင့် အ. ထ. က (၅) ရှိ ကျောင်းမုန့် ဈေးတန်းများ၊ ကျိုင်းတုံမြို့ ရပ်ကွက် (၂) အတွင်းရှိ အင်တာနက်ဝန်ဆောင်မှုလုပ်ငန်း၊ တာချီလိတ်မြို့ ဆန်ဆိုင်း (က) ရှိ Network ဝန်ဆောင်မှုပေးသည့် ကုမ္ပဏီများ၊ တာချီလိတ်မြို့ မိုင်းယောင်းမြို့နယ်၊ ဟိုရမ်းကျေးရွာ၊ ဝမ်တပ်ကျေးရွာအုပ်စုရှိ သောက်ရေသန့်လုပ်ငန်း၊ ကျိုင်းတုံမြို့ မြို့မဈေးအတွင်းရှိ ကလေးအာဟာရဖြည့်စွက်စာအရောင်းဆိုင်များ၊ ကျိုင်းတုံမြို့၊ ယန်းလောကျေးရွာ၊ ဟိုနားကျေးရွာအတွင်းရှိ အကြော်စုံလုပ်ငန်း၊ ကျိုင်းဖောင်ကျေးရွာရှိ အကြော်စုံလုပ်ငန်း၊ ရပ်ကွက် (၃)၊ စွန်မိုင်ရပ်ကွက်အတွင်းရှိ မုန့်တီခြောက်လုပ်ငန်း၊ မြို့ပေါ်ရှိ စက်သုံးဆီအရောင်းဆိုင်များ၊ ကျိုင်းတုံမြို့ အ. ထ. က (၅) ကျောင်းအတွင်းရှိ ကျောင်းမုန့်ဈေးအရောင်းဆိုင်များ၊ လားရှိုးမြို့ပေါ်ရှိ ကုန်စုံဆိုင်များတွင် ရောင်းချနေသည့် ကလေးအာဟာရဖြည့်စွက်စာအမျိုးမျိုး၊ ဘေးအန္တရာယ်ကင်းရှင်းမှုရှိ-မရှိ၊ ကုန်အညွှန်းအမှတ်အသား ပြည့်စုံစွာ ဖော်ထားခြင်းရှိ-မရှိ၊ သက်တမ်းလွန် စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများ ရောင်းချနေခြင်းရှိ-မရှိ၊ စံမညီဆေးဝါးများ ဈေးကွက်အတွင်း ရောင်းချခြင်း ရှိ-မရှိ ဈေးကွက်စောင့်ကြည့် စစ်ဆေးခဲ့ကြောင်း သတင်းရရှိပါသည်။

**Source:ပြည်နယ်ဦးစီးမှူးရုံးများ**



## Online Sale မှတ်ပုံတင်လက်မှတ်ထုတ်ပေးနိုင်ရေး မြေပြင်ကွင်းဆင်းစစ်ဆေးခြင်းနှင့် အသိပညာပေးခြင်းများ ဆောင်ရွက်

Online စနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းအား ၂၀-၇-၂၀၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၅၀/၂၀၂၃) ဖြင့် အရေးကြီးဝန်ဆောင်မှုလုပ်ငန်းအဖြစ် သတ်မှတ်ခဲ့ပြီး အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်မှစ၍ Online Sale မှတ်ပုံတင်လက်မှတ်လျှောက်ထားလာမှုအား မြေပြင်ကွင်းဆင်းစစ်ဆေး၍ လျှောက်ထားသည့် အချက်အလက်များနှင့် မြေပြင်တွင် အမှန်တကယ်ကိုက်ညီမှုရှိမှသာလျှင် မှတ်ပုံတင်လက်မှတ် ထုတ်ပေးမည်ဖြစ်ကြောင်း လစဉ်အသိပညာပေးဆောင်ရွက်မည့် အစီအမံများရေးဆွဲ၍ အသိပညာပေးခြင်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၂၆ ခုနှစ်၊ ဩဂုတ်လအတွင်း-

**ကချင်ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** မြစ်ကြီးနားမြို့ အောင်နန်းရပ်ကွက်ရှိ မြေပြင်စစ်ဆေးအတည်ပြုပြီး ထုတ်ပေးခဲ့သည့် အွန်လိုင်းမှတ်ပုံတင် လက်မှတ်ရလုပ်ငန်းရှင်များဖြစ်သည့် အထည်အလိပ်၊ အဝတ်အထည်နှင့် ဆက်စပ်ပစ္စည်းများ ရောင်းချသည့်လုပ်ငန်းရှင်၊ ခေမာသီရိရပ်ကွက်ရှိ ပြည်သူများ၊ မိုးညှင်းမြို့၊ ရွာသစ်ကုန်းရပ်ကွက်ရှိ ပြည်သူများ၊ နောင်စွန်းရပ်ကွက်ရှိ ဆေးနှင့်ဆေးပစ္စည်းအမျိုးမျိုး ရောင်းဝယ်ရေးလုပ်ငန်းရှင်များအား Online Sales မှတ်ပုံတင်လက်မှတ်လျှောက်ထားခြင်း၊ သက်တမ်းတိုးခြင်းနှင့်ပတ်သက်၍ သိရှိရန်အချက်များ၊ မှတ်ပုံတင်မရှိဘဲ အွန်လိုင်းစနစ်ဖြင့် ရောင်းချပါက အရေးယူဆောင်ရွက်မည့် အခြေအနေများ၊ တရားမဝင်ကုန်ပစ္စည်း



မရောင်းချရန်နှင့် ရောင်းချပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေပါ ပြစ်မှုပြစ်ဒဏ်များအကြောင်းတို့ကို အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။

**စစ်ကိုင်းတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့်** အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းများအား Online Sales မှတ်ပုံတင်လက်မှတ်လျှောက်ထားခြင်း၊ သက်တမ်းတိုးခြင်းနှင့်ပတ်သက်၍ သိရှိရန်အချက်များ၊ မှတ်ပုံတင်မရှိဘဲ အွန်လိုင်းစနစ်ဖြင့် ရောင်းချပါက အရေးယူဆောင်ရွက်မည့် အခြေအနေများ၊ တရားမဝင်ကုန်ပစ္စည်းမရောင်းချရန်နှင့် ရောင်းချပါက အရေးယူခံရမည့် အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေပါ ပြစ်မှုပြစ်ဒဏ်များအကြောင်းတို့ကို အသိပညာပေးဆွေးနွေးခြင်း (၆) ကြိမ်ဆောင်ရွက်ခဲ့ပြီး လူဦးရေ (၃၂၂) ဦးအား အသိပညာပေးခဲ့ကြောင်း သိရှိရပါသည်။

**မွန်ပြည်နယ်ဦးစီးမှူးရုံးအနေဖြင့်** ရေးမြို့နယ် ဇီးဖြူသောင်ကျေးရွာရှိ အလှကုန်ပစ္စည်းဆိုင်များ၊ အထည်အလိပ်၊ အဝတ်အထည်နှင့် ဆက်စပ်ပစ္စည်းများ ရောင်းချ

စာမျက်နှာ ၁၄ ကော်လံ ၁ သို့